ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်၊ ကြာသပတေးနေ့၊ (25-11-2010) (၆၅၉၃)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့်ပြည်ထောင်စု စိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

မည်သည့်အစိုးရ တာဝန်ယူသည်ဖြစ်စေ နိုင်ငံတော်တည်ငြိမ်ရေး၊ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို တိုင်းရင်းသားပြည်သူများက ဝိုင်းဝန်းပူးပေါင်း လက်တွဲဆောင်ရွက်သွားကြရမည်

မိမိတို့ တိုင်းရင်းသားများအားလုံး ပြည်ထောင်စုစိတ်ဓာတ် အခြေခံသည့် စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးကို သားစဉ်မြေးဆက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်

နေပြည်တော် နိုဝင်ဘာ ၂၄

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်း၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် နိုဝင်ဘာ ၂၂ ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်မှ ထွက်ခွာရာ ညနေ ၃ နာရီ မိနစ် ၅၀ တွင် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ရောက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ်အား ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်း၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီး ဌာနမှ ဗိုလ်ချုပ်လှမင်း၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်း၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီး များနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် စစ်တွေမြို့မှ ပေါက်တောမြို့သို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မင်းပြားမြို့နယ်ရှိ လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်(အပေါ်ပုံ)**နှင့် မုန်တိုင်းဒဏ်ခံရသော ရေလုပ်သား များအား ဖြည့်ဆည်းပေးမည့် ငါးဖမ်းပိုက်များကို ကြည့်ရှု စစ်ဆေးစဉ်။**(ဝဲပုံ)

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး	* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့် ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

၂၅-၁၁-၂၀၁၀
(ကြာသပတေးနေ့)

ယုံကြည်ချက် ခံယူချက် ပြည့်ဝအောင် လေ့ကျင့်ပျိုးထောင်

မျက်မှောက်ကာလတွင် နိုင်ငံတိုင်း ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းနေကြပြီ။ နည်းပညာစွမ်းအား၊ ဘဏ္ဍာရေးနှင့် သဘာဝအရင်းအမြစ်စွမ်းအား၊ လူသားအရင်းအမြစ်စွမ်းအားများကို ဘက်စုံကဏ္ဍစုံတွင် အသုံးပြုနေကြပြီ။

ဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံများ၏ အောင်မြင်မှုအခြေခံ အကြောင်းရင်းများတွင် တီထွင်ဖန်တီးနိုင်မှု၊ အရည်အသွေးပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ၏ စွမ်းဆောင်ရည်အသုံးချနိုင်မှုတို့ ပါဝင်သည်။ အနာဂတ်နိုင်ငံတော်ကို တည်ဆောက်ရာတွင် မျိုးဆက်သစ်လူငယ်များ အရည်အသွေးပြည့်ဝစွာ စွမ်းဆောင်နိုင်သူများ ဖြစ်လာစေရေး မျှော်မှန်းပြုစုပျိုးထောင်ပေးကြရပေမည်။

နိုင်ငံအတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံများ ခိုင်မာလာလျက်ရှိသည်။ ယင်းသို့ ရရှိဖြစ်ထွန်းနေသည့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ၊ အခွင့်အလမ်းကောင်းများကို အမျိုးသားပညာရည်မြင့်မားမှုစွမ်းအားနှင့် ပေါင်းစပ်မြှင့်တင်ကြိုးပမ်းကြရပေမည်။ အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀)နှစ်ရှည်စီမံကိန်းကို ချမှတ်ဖော်ဆောင်နေပြီ။

နိုင်ငံသားတိုင်း အခြေခံပညာ ကောင်းစွာတတ်မြောက်ရေး ကြိုးပမ်းလျက်ရှိသည်။ တစ်ချိန်တည်းတွင် မြို့ပြနှင့် ကျေးလက်ဒေသများတွင် လေ့လာသင်ယူမှုအခွင့်အလမ်းများ တစ်ပြေးညီ ရရှိနေပြီ။ အသက်မွေးဝမ်းကျောင်းပညာရွေးချယ်သင်ယူနိုင်နေကြပြီ။ အခြေခံပညာကျောင်းများသည် ဒေသတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြု ပင်မဌာနများ ပေါ်ထွန်းလာစေရေး မျှော်မှန်းချက်ဖြင့် ဆောင်ရွက်နေခြင်း ဖြစ်သည်။

ယနေ့အချိန်အခါတွင် ပညာရပ်အသီးသီးသည် သက်ဆိုင်ရာ ဘာသာရပ်နယ်ပယ်တွင်သာ ရပ်တည်မနေတော့ဘဲ နေ့စဉ် လူမှုစီးပွားရေးဘဝအတွင်း လွှမ်းမိုးကြီးစိုးလာနေပြီဖြစ်သည်။ ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့၏ တပည့် ကျောင်းသား၊ ကျောင်းသူများကို စာပေတတ်မြောက်ရုံသာမက ပတ်ဝန်းကျင် လူ့အဖွဲ့အစည်းအတွင်း အကျိုးရှိရှိ အံဝင်ခွင်ကျဖြစ်စေရေး လေ့ကျင့်သင်ကြားပေးကြရပေမည်။

ဆရာ၊ ဆရာမများအနေဖြင့် မျိုးဆက်သစ်လူငယ်များ ပညာအရည်အသွေးပြည့်ဝရေး စေတနာထား၍ သင်ကြားပေးကြရပေမည်။ ကိုယ်ပိုင်ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ လေးစားတန်ဖိုးထားရေး၊ စိတ်ဓာတ်ရေးရာ မြင့်မားပြီး အမျိုးသားရေး ယုံကြည်ချက်၊ ခံယူချက်ပြည့်ဝသူများဖြစ်ရေး လေ့ကျင့်ပျိုးထောင်ပေးကြရပေမည်။ ယင်းသို့ အစဉ်တစိုက် ကြိုးပမ်းအားထုတ်ကြခြင်းဖြင့် လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းဆောင်နိုင်မည့် လူရည်ချွန်၊ လူရည်မွန်များ စဉ်ဆက်မပြတ် ပေါ်ထွက်လာနေမည် ဖြစ်ပါသည်။ ။

ပေးအပ်လှူဒါန်း

တောင်ကုတ်မြို့နယ်အသင်း (ရန်ကုန်)၏ အသင်းတိုက် ဆောက်လုပ်ရန်အတွက် ကျိုက္ကဆံလမ်း တာမွေကြီး(ခ) ရပ်ကွက် တာမွေမြို့နယ်နေ ဦးညီညီ-ဒေါ်တင်တင် (ကောင်းစံ ရေတိုင်ကီလုပ်ငန်း) မိသားစုက ငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းရာ အသင်းနာယက ဦးကျန်ထွန်း၊ ဥက္ကဋ္ဌ ဦးထွန်းသိန်းနှင့် ဒုတိယ ဥက္ကဋ္ဌ ဦးအောင်သာထွန်းတို့ လက်ခံရယူစဉ်။ (ကြေးမုံ)

အင်းစိန်စက်မှုသိပ္ပံ (လျှပ်စစ်စွမ်းအား) အာစရိယပူဇော်မည်

ရန်ကုန် နိုဝင်ဘာ ၂၄

အင်းစိန်စက်မှုသိပ္ပံ (လျှပ်စစ်စွမ်းအား အင်ဂျင်နီယာဌာန) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၈ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်အနီး ရန်ကုန်မြို့တော်စည်ပင်မဏ္ဍာရုံ၌ ကျင်းပမည်ဖြစ်ရာ အလှူငွေထည့်ဝင်လိုသူများသည် ဦးမောင်မောင်အေး(၈၂) ဖုန်း-၀၉-၅၁၂၆၆၆၅၊ ဦးခင်မောင်မြင့် ဖုန်း-၀၉-၅၁၃၀၅၁၄၊ ဦးတင်မောင်လွင် ဖုန်း-၀၉-၅၀၅၀၄၉၃၊ ဦးလှသိန်း ဖုန်း-၀၉-၅၁၉၂၉၇၅၊ ဦးမြဦး ဖုန်း-၀၉-၅၀၃၁၅၃၈၊ ဦးအေးနိုင် ဖုန်း-၀၉-၅၀၆၀၈၉၇ နှင့် ဦးအောင်အောင်ဝင်း ဖုန်း-၀၉-၅၀၃၃ ၅၀၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဦးသိန်းညွန့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၄

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော် မြို့တော်ဝန် ဦးသိန်းညွန့်သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့တော် မြို့တော်ဝန် H.E. Mr. Sombath, VIALIHEF ၏ ဖိတ်ကြားချက်အရ နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များ လိုက်ပါလျက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့တော် နှစ်(၄၅၀)ပြည့် အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ရန် ဗီယင်ကျန်းမြို့တော်သို့ နိုဝင်ဘာ ၁၇ ရက်တွင် ရောက်ရှိသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် နိုဝင်ဘာ ၁၉ ရက် ညနေပိုင်းတွင် အမျိုးသားအားကစားရုံ (National Sports Complex) ၌ ကျင်းပသည့် ဗီယင်ကျန်းမြို့တော် နှစ်(၄၅၀)ပြည့် အထိမ်းအမှတ်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ တည်ထောင်သည့် (၃၅)နှစ်မြောက် အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr.Somsavat LENGSAVAD က အဖွင့်အမှာစကား ပြောကြားပြီး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Choummaly SAYASONE က ဗီယင်ကျန်းမြို့တော် နှစ်(၄၅၀)ပြည့်အထိမ်းအမှတ် အခမ်းအနားနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတည်ထောင်သည့် (၃၅)နှစ်မြောက် အထိမ်းအမှတ် အခမ်းအနားများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ရိုးရာယဉ်ကျေးမှု သရုပ်ဖော်အကများဖြင့် ဖျော်ဖြေတင်ဆက်ကာ ဗီယင်ကျန်းမြို့တော် နှစ်(၄၅၀)ပြည့် အထိမ်းအမှတ်အောင်ပွဲအဖြစ် မီးရှူးမီးပန်းများ ပစ်ဖောက်၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ဝန်ကြီး ဦးသိန်းညွန့်သည် နိုဝင်ဘာ ၁၈ ရက်ညနေပိုင်းတွင် ဗီယင်ကျန်းမြို့တော် နှစ်(၄၅၀)ပြည့် နှစ်ပတ်လည် အခမ်းအနားကျင်းပရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် H.E. Mr.Somsavat LENGSAVAD အား ဝန်ကြီးချုပ်ရုံးသို့ သွားရောက်၍ ဂါရဝပြုနှုတ်ဆက်သည်။ ထို့နောက် ဒုတိယဝန်ကြီးချုပ်က လာအိုအပြည်ပြည်ဆိုင်ရာကုန်စည်ပြပွဲ ကွန်ဗင်းရှင်းစင်တာ (Lao International Trade Exhibition Convention Center) ၌ ညစာစားပွဲဖြင့် တည့်ခင်းဧည့်ခံသည်။

ညစာစားပွဲသို့ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မနိုင်ငံသမ္မတ၊ ဝန်ကြီးချုပ်နှင့် ဗီယင်ကျန်းမြို့တော်ဝန်တို့ တက်ရောက်ကြသည်။

ဝန်ကြီးနှင့် အဖွဲ့သည် နိုဝင်ဘာ ၂၀ ရက်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ ပြန်လည်ထွက်ခွာခဲ့ရာ နိုဝင်ဘာ ၂၁ ရက်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော်မြို့တော်ဝန် ဦးသိန်းညွန့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့တော် နှစ်(၄၅၀)ပြည့် အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

Eco Echo Exhibition (EEE) တွင် TRUE VALUE မှ နည်းပညာသစ်များ၊ Solutions များ ပြသမည်

ရန်ကုန် နိုဝင်ဘာ ၂၄

Eco Echo Exhibition (EEE) တွင် TRUE VALUE က အဆင့်မြင့် နည်းပညာအသစ်အဆန်းများနှင့် Solution များ ဝင်ရောက်ပြသမည် ဖြစ်သည်။ Real Time Tracking System (RTTS) (ယာဉ်ရောက်ရှိရာနေရာကို အချိန်နှင့် တစ်ပြေးညီ သိနိုင်သည့်စနစ်)သည် မော်တော်ယာဉ်များအား ယာဉ်သွားလာနေစဉ်အချိန်တွင် ယာဉ်မောင်းနှင့်တကွ ယာဉ်၏ ဘေးကင်းစေရန်အတွက် အသုံးပြုနိုင်မည့် အပြင် မော်တော်ယာဉ်နှင့် ပတ်သက်သော အသေးစိတ်အချက်အလက်များပါ ကြည့်ရှုနိုင်ပြီး လိုအပ်ပါက ယာဉ်မောင်းသူနှင့် Two way စကားပြောဆိုနိုင်သည်။

CAR Black Box (ယာဉ်သွားရာတစ်လျှောက် ဗီဒီယိုပုံရိပ်များနှင့် အသံများ မှတ်သားနိုင်သောစနစ်)သည် မော်တော်ယာဉ်မောင်းနှင်နေစဉ် လမ်းတစ်လျှောက်ရှိ ပုံရိပ်များနှင့် အသံများကို Video & Voice မှတ်သားထားနိုင်သောကြောင့် ရုတ်တရက် accidents ဖြစ်ပါက မှတ်သားထားသည်များကို ပြန်လည်ကြည့်ရှုနိုင်သည်။ နည်းပညာ နောက်တစ်မျိုးဖြစ်သည့် မိမိသွားခဲ့သည့် လမ်းကြောင်းများ ပြန်လည်ကြည့်နိုင်သည့် GPS စနစ်ထည့်သွင်းထားသော Keychain၊ နာရီ၊ Datalogger များဖြင့် သွားရောက်ခဲ့သည့် လမ်းကြောင်းများ၊ ဓာတ်ပုံများကို မြေပုံပေါ်၌ ပြန်လည်ကြည့်ရှုနိုင်သည်။ Telephone Voice Logging System (တယ်လီဖုန်း မှတ်တမ်းစနစ်)သည်လည်း မိမိလုပ်ငန်းများ၏ Service အပိုင်းမြှင့်တင်ရေးအတွက် တယ်လီဖုန်းများ၏ ပြောဆိုဆွေးနွေးမှုများ၊ ဖုန်းပြောချိန်၊ နေ့ရက်အဝင်အထွက်နံပါတ်များကို SD Card ဖြင့် သိမ်းဆည်းထားနိုင်ပြီး ရက်ပေါင်း ၉၀ Record လုပ်နိုင်သည့် ပစ္စည်းဖြစ်သည်။

Home Security System (မိမိအိမ်လုံခြုံရေးအတွက် Alarm မြည်စနစ်နှင့် မိမိ၏ဖုန်းသို့ အချက်ပေးစနစ်) မိမိနှင့် မိသားစု ဘေးအန္တရာယ်မှ ဘေးကင်းစေနိုင်ပြီး လုံခြုံမှုအပြည့်အဝ ရရှိနိုင်သည်။ RFID (Radio Frequency Identification) RFID ကတ်ဖြင့် လူအဝင်အထွက် ထိန်းချုပ်ခြင်း၊ တံခါးဖွင့်ပိတ်ခြင်း၊ နယ်နိမိတ်သတ်မှတ်ပေးခြင်းနှင့် အရောင်းအသွေးစုံလင်လှပသော ဝန်ထမ်းကတ်၊ Member ကတ်တို့ကို ဝန်ဆောင်မှုပေးခြင်း၊ လုံခြုံရေးကင်မရာများ (CCTV) တပ်ဆင်ပေးခြင်းစနစ်၊ Wireless Service Bell Receiver (Bell ခလုတ်ကို နှိပ်လိုက်ခြင်းဖြင့် Receiver တွင် အသံမြည်လာသည့် စနစ်)စသည့် နည်းပညာရပ် အသစ်အဆန်းများကို Eco Echo Exhibition (EEE) (တပ်မတော်ခန်းမ)၌ ကျင်းပသည့် ကာလဖြစ်သည့် နိုဝင်ဘာ ၂၆ ရက်မှ ၂၈ ရက် အတွင်း အထူးအစီအစဉ်အဖြစ် Discounts ဖြင့် ရောင်းချပေးမည် ဖြစ်သည်။ မိမိတို့၏ လုပ်ငန်းများ အဆင့်မြင့်တိုးတက်အောင်မြင်ပြီး အကျိုးရှိစွာ အသုံးပြုလိုသူများအတွက် TRUE VALUE ၏ Solutions များကို စိတ်ဝင်စားပါက TRUE VALUE Showroom ရန်ကုန်ရုံးအမှတ် (၃၅၁) အခန်း (၁၀၃) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ဖုန်း-၀၁-၃၉၉၀၁၁၊ ၃၇၉၈၇၅၊ ၂၄၈၁၆၇ နှင့် ၀၉- ၈၀၂၂၀၂၅၊ မန္တလေးရုံး အမှတ်(၅) (၂၆) လမ်း၊ (၇၈)လမ်းနှင့် (၇၉)လမ်းကြား ဖုန်း-၀၂-၂၁၅၇၂၊ နေပြည်တော်ရုံး သပြေကုန်းဈေး အနောက်မြောက်အဝိုင်း နေပြည်တော် ဖုန်း - ၀၆၇ - ၄၁၄၁၁၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၁၀ ခုနှစ် နိုဝင်ဘာလအတွက် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)
(၂၈-၁၁-၂၀၁၀) ရက်နေ့
၂၀၁၀ ခုနှစ် ဒီဇင်ဘာလအတွက်
(၁၂-၁၂-၂၀၁၀) ရက်နေ့
နှင့်
(၂၆-၁၂-၂၀၁၀) ရက်နေ့

စာရင်းစစ်များ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၃၃) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၄

စာရင်းစစ်များ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၃၃) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း၌ ကျင်းပရာ စာရင်းစစ်ချုပ် ဦးလွန်းမောင် တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၁၄ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ နှစ်လခွဲခန့် ကြာမြင့်မည်ဖြစ်သည်။

ထို့အပြင် အဆိုပါသင်တန်းကျောင်း၌ အစိုးရဌာနအဖွဲ့အစည်းများမှ ဝန်ထမ်းများအတွက် ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်သင်တန်းများ၊ စာရင်းစစ်ချုပ်ရုံးမှ စာရင်းစစ်မှူးများအတွက် လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းများနှင့် ဒီပလိုမာ စာရင်းကိုင်သင်တန်းများကိုလည်း ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၂၀၁၀ခုနှစ်၊ ဒီဇင်ဘာလ(၁)ရက် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့

"အေအိုင်ဒီအက်စ်တိုက်ဖျက်ဖို့၊ ခွဲခြားမှုကိုရှောင်ကြဉ်လို့၊ ကာကွယ်ကုသစောင့်ရှောက်စို့"

"Stop AIDS. Keep the Promise."

"Avoid Stigma & Discrimination: Towards Universal Access."

အာဆီယံ-တရုတ် လူငယ်ချစ်ကြည်ရေးစခန်းချပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေ အာဆီယံ-တရုတ် လူငယ်ချစ်ကြည်ရေးစခန်းချပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် နိုဝင်ဘာ ၂၄

အာဆီယံ-တရုတ် လူငယ်ချစ်ကြည်ရေးစခန်းချပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ မြရိပ်ညိုရွှိုင်ရယ်ဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံ အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီအဖွဲ့ဝင်များ၊ ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာအာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ လူငယ်ကိုယ်စားလှယ်များ၊ စီမံကိန်းညှိနှိုင်းသူများ၊ အနုပညာဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေက အဖွင့်အမှာစကား ပြောကြားပြီး အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေး ကော်မတီဥက္ကဋ္ဌကိုယ်စား မြန်မာနိုင်ငံ အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းဆိုင်ရာ တာဝန်ရှိသူ သမိုင်းသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နန္ဒာမွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ Camp Director အမျိုးသားစာကြည့်တိုက် ညွှန်ကြားရေးမှူး ဒေါ်မြဦးက အာဆီယံ-တရုတ် လူငယ်စခန်းချပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ လူငယ်ကိုယ်စားလှယ်များ၊ အဖွဲ့ဝင်များသည် တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် အနုပညာဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက အနုပညာဆိုင်ရာများကို ဟောပြောပို့ချကြသည်။

မွန်းလွဲပိုင်းတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ လူငယ်ကိုယ်စားလှယ်များသည် မြန်မာဘာသာစကား သင်ကြားခြင်းနှင့် နိုင်ငံအလိုက် ဖျော်ဖြေပွဲအတွက် ကြိုတင်လေ့ကျင့်ခြင်းတို့ကို ဆောင်ရွက်ကြပြီး ညပိုင်းတွင် လူငယ်ကိုယ်စားလှယ်များနှင့် အဖွဲ့ဝင်များအား ကျင်းပရေးကော်မတီက မြရိပ်ညိုရွှိုင်ရယ်ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အာဆီယံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ ဆွေးနွေးဖက် ဆက်ဆံရေး (၁၅)နှစ်မြောက် အထိမ်းအမှတ်အဖြစ် "Cultural Trail From China to ASEAN" ခေါင်းစဉ်ဖြင့် ကျင်းပသည့် အာဆီယံ-တရုတ် ချစ်ကြည်ရေး လူငယ်စခန်းချပွဲကို ၂၀၁၀ ခုနှစ် နိုဝင်ဘာ ၁၈ ရက်မှ ဒီဇင်ဘာ ၃ ရက်အထိ ထိုင်းနိုင်ငံ၊ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့တွင် တစ်ဆက်တည်းကျင်းပရာ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ၂၀၁၀ ခုနှစ် နိုဝင်ဘာ ၂၃ ရက်မှ ၂၈ ရက်အထိ ရန်ကုန်မြို့၌ လက်ခံကျင်းပခြင်း ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ လူငယ်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြစဉ်။ (သတင်းစဉ်)

နေပြည်တော်-မန္တလေး-နေပြည်တော် မိုင် ၃၉၀ ခရီးရှည် အမျိုးသား၊ အမျိုးသမီး စက်ဘီးပြိုင်ပွဲတွင် ဆုကြေးငွေများ ထိုက်တန်စွာ ချီးမြှင့်မည်

နေပြည်တော် နိုဝင်ဘာ ၂၄

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် အားကစားဝန်ကြီးဌာနတို့၏ ညွှန်ကြားမှုဖြင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် နေပြည်တော်-မန္တလေး-နေပြည်တော် မိုင် ၃၉၀ ခရီးရှည် အမျိုးသား၊ အမျိုးသမီး စက်ဘီးပြိုင်ပွဲကို နိုဝင်ဘာ ၂၇ ရက်မှ ၃၀ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ဆုကြေးများအဖြစ် လမ်းပိုင်းအလိုက် အမျိုးသားပြိုင်ပွဲများအတွက် နေ့စဉ်ပထမရရှိသူအား ငွေကျပ်တစ်သိန်း၊ ဒုတိယရရှိသူအား ငွေကျပ် ၇၅၀၀၀၊ တတိယရရှိသူအား ငွေကျပ် ငါးသောင်းနှင့် လမ်းပိုင်းအလိုက် အမျိုးသမီးပြိုင်ပွဲများအတွက် နေ့စဉ် ပထမရရှိသူအား ငွေကျပ် ၇၅၀၀၀၊ ဒုတိယရရှိသူအား ငွေကျပ်ခြောက်သောင်းနှင့် တတိယရရှိသူအား ငွေကျပ်ငါးသောင်းစီ ချီးမြှင့်သွားမည်ဖြစ်သည်။

ပွဲစဉ်တစ်လျှောက်လုံးအတွက် ချီးမြှင့်မည့် ဆုကြေးများမှာ အမျိုးသားပြိုင်ပွဲများအတွက် ပထမငွေကျပ် သိန်း ၂၀၊ ဒုတိယ ငွေကျပ် ၁၅ သိန်း၊ တတိယ ငွေကျပ် ၁၀ သိန်း၊ စတုတ္ထ ငွေကျပ်ရှစ်သိန်း၊ ပဉ္စမ ငွေကျပ်ခုနစ်သိန်း၊ ဆဋ္ဌမ ငွေကျပ် ခြောက်သိန်း၊ သတ္တမ ငွေကျပ် ငါးသိန်း၊ အဋ္ဌမ ငွေကျပ် လေးသိန်း၊ နဝမ ငွေကျပ် သုံးသိန်း၊ ဒသမ ငွေကျပ် နှစ်သိန်း၊ အမှတ်စဉ် (၁၁)မှ (၂၀)အထိ ပန်းဝင်သူများအား ငွေကျပ် ၇၀၀၀၀ စီနှင့် အမှတ်စဉ်(၂၀)မှ သတ်မှတ်ချိန်အတွင်း ပန်းဝင်သူတိုင်းအား ငွေကျပ် ငါးသောင်းစီ ချီးမြှင့်သွားမည်ဖြစ်သည်။

အမျိုးသမီးပြိုင်ပွဲများအတွက် ချီးမြှင့်မည့် ဆုကြေးမှာ ပထမ ငွေကျပ် ၁၀ သိန်း၊ ဒုတိယ ငွေကျပ် ၇၅၀၀၀၀၊ တတိယ ငွေကျပ် ငါးသိန်း၊ စတုတ္ထ ငွေကျပ် လေးသိန်း၊ ပဉ္စမ ငွေကျပ် သုံးသိန်း၊ ဆဋ္ဌမ ငွေကျပ် နှစ်သိန်း၊ သတ္တမ ငွေကျပ် တစ်သိန်းနှင့် အမှတ်စဉ် (၈)မှ (၂၀)အထိ ပန်းဝင်သူများအား ငွေကျပ် ငါးသောင်းစီ ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ဆုချီးမြှင့်ပွဲကို နေပြည်တော် မြို့တော်ခန်းမ၌ နိုဝင်ဘာ ၃၀ ရက် နံနက် ၁၁ နာရီခွဲတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၁၁-၂၀၁၀ (ကြာသပတေးနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ဇေဂ္ဂသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "အဝိဇ္ဇာဦးစီးပုံနှင့်တဏှာဦးစီးပုံ ခန္ဓာဉာဏ်ရောက်ဒိဋ္ဌိဖြုတ်" တရားတော် (မုံလယ်တောရ ဆရာတော် ဘဒ္ဒန္တသံဝရ)
- ၆း၃၅ ပတ္တမြားမြေပေါ်မှ သိင်္ဂီရောင် မြင်ကွင်းများ
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၈၅)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၅၂)**
- ၈း၄၀ "ကပါတဲ့ကပါ"မြို့ရွှေဆည်ဆင်ပြိုင်ပွဲ
- ၈း၅၀ ပါရမီရှင်က ကုသိုလ်ယူ ပရိယတ္တိအလှူ
- ၉း၀၀ ဂီတနက်သန်အနှစ်(၆၀)ပြည့် စိန်ရတုအကြိုဆွေးနွေးခန်း
- ၉း၂၀ အစွမ်းထက်တာအမှန်ပင် ဆေးမှာဘုရင်"မိခင်"
- ၉း၄၀ Science For All (ကားဝယ်စီးလျှင်တာယာ အကြောင်းသိထားသင့်သည်) (သိပ္ပံစာရေးဆရာကိုကိုအောင်၊ ကျော်သူလင်း)
- ၁၀း၁၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ "ဒိုင်စားတယ်" DVD
- ၁၀း၄၀ သီချင်းကောင်းကောင်းသီချင်းတောင်း
- ၁၁း၀၅ The Champion of Dance
- ၁၁း၄၀ **MRTV-4 ကာတွန်းအစီအစဉ် "ဒဏ္ဍာရီထဲကစား"(ဇာတ်သိမ်းပိုင်း)**
- ၁၂း၀၅ ထာဝရရှင်သန်တောက်ပဆဲ အနုပညာကြယ်ကြွေပွင့်များ (စာရေးဆရာမောင်သိန်းဆိုင်)
- ၁၂း၃၅ ရန်ကုန်မြင်ကွင်းကျယ် (The Best Technique for Managing Managers)
- ၁၂း၄၅ ကြံခင်းမြို့မှ မြတ်ဆရာပူဇော်ပွဲ
- ၁း၀၀ "အဝိဇ္ဇာဦးစီးပုံနှင့်တဏှာဦးစီးပုံ ခန္ဓာဉာဏ်ရောက်ဒိဋ္ဌိဖြုတ်" တရားတော် (မုံလယ်တောရ ဆရာတော် ဘဒ္ဒန္တသံဝရ)
- ၁း၄၅ သုဒဿနတောင်ပေါ်မှ လေးဆူဓာတ်ပျော် "ပြည်ရွှေဆံတော်"
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ Quiz Idol [အထက(၂)ဗဟန်း၊ အထက(၂)စမ်းချောင်း]
- ၃း၀၀ လင်းလက်တောက်ပပြုံးပန်းလှလှ
- ၃း၁၅ ရန်ကုန်မြင်ကွင်းကျယ် (PANTENE 14 Days Challenge)
- ၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၈၅)**
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၅၂)**
- ၄း၅၀ တေးဂီတအစီအစဉ်
- ၅း၀၀ ဓာတ်ပုံထဲမှအမှတ်တရများ(ဩရသ)
- ၅း၂၀ Activities In The City [ဒဂုံမြို့သစ်(ဆိပ်ကမ်းမြို့နယ်)၌ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းကုသခြင်း]
- ၅း၃၀ **MRTV-4 ကာတွန်းအစီအစဉ် "ဒဏ္ဍာရီထဲကစား"(ဇာတ်သိမ်းပိုင်း)**
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၈၆)**
- ၇း၀၅ Style ရှိမှ Star ဖြစ်မယ်
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ စကားနပန်း [ဘတ်(စ်)ကားစီးတာကောင်းတယ်၊ ဘတ်(စ်)ကားမစီးတာကောင်းတယ်]
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၅၃)**
- ၁၀း၀၅ အနုပညာမိုးကောင်းကင်
- ၁၀း၂၅ အလှဖွဲ့ဆင်ဖန်တီးရှင်အတွက် အမှတ်တရ
- ၁၀း၅၀ ဂီတသရုပ်ပြခန်း (စိမ့်နေခြည်. . တို့. . အချစ်)
- ၁၁း၁၀ ရိုးမနှင့်ပင်လယ်ကြားအလှများ ကြွယ်တဲ့"တောင်ကုတ်နယ်"
- ၁၁း၂၀ သင်ယူလေ့လာဂီတပညာ (Audio Engineering Module 03: Basic Multi Track Recording) (Part-I)
- ၁၁း၄၀ ကာဗွန်မိုနောက်ဆိုဒ်အဆိပ်သင့်မှု အန္တရာယ် (ဒေါက်တာ ခင်မောင်လွင်၊ ဒေါက်တာသန်းထွန်း)
- ၁၂း၁၀ Box Office Movies (Star Trck)
- ၁၂း၃၀ ကိုယ်ပိုင်ဟန်ဖက်ရှင် (စိမ်းလဲ့နွယ်ပင်သံယောဇဉ်)
- ၁၂း၅၅ လူဖြစ်ရှုံးပါပြီကွာ (ရုပ်ရှင်သရုပ်ဆောင်များ) (ဒါရိုက်တာ-ညီညီထွန်းလွင်)
- ၁း၀၀ ဆန်းသစ်တီထွင်လာသော မြန်မာ့ရုပ်သေးအကများ
- ၁း၁၀ နည်းပညာအစွမ်းထက် SOLAR HUT
- ၁း၂၀ Let's Dance (The Uranium Dance Studio)
- ၁း၄၅ အလှဆင်စရာပရိဘောဂကမ္ဘာ (Inner Space)
- ၂း၀၅ ခုနှရိုးရာအစားအစာ စားချင်ဖွယ်ရာဟင်းထုပ်ပါ
- ၂း၁၀ ဖွံ့ဖြိုးတိုးတက်နေသော နေပြည်တော်
- ၂း၃၅ ဆန်းသစ်အလှတိုးရွှေချည်ထိုး
- ၂း၅၅ ကမ္ဘာ့စုံလင်အားကစားအစီအစဉ်
- ၃း၅၅ တိရစ္ဆာန်လေးတွေမွေးကြမယ် (Pluto Pet Shop)
- ၄း၂၀ မျိုးခိုးဝေဝေပတ္တမြားမြေမှ ကြည်ညိုဖွယ်ရာဘုရားစေတီ
- ၄း၃၅ ထင်ရှားဖူးမြော် မွေတော်ကက္ကူစေတီတော်
- ၄း၄၅ မြတ်နိဗ္ဗာန်ဆီသို့ရည်ရွယ်စူး. . . ပဋ္ဌိစ္စသမုပ္ပာဒ်သင်တန်းထူး
- ၅း၀၀ အစီအစဉ်ပြီး။

မြန်မာအားကစားအသင်း ကြေးတံဆိပ်တစ်ခု ထပ်မံဆွတ်ခူးရရှိ

ရန်ကုန် နိုဝင်ဘာ ၂၄

(၁၆)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ကျိုးမြို့၌ ဆက်လက်ကျင်းပလျက်ရှိရာ မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်းအားကစားအဖွဲ့သည် ယနေ့ကျင်းပသော အမျိုးသား REGU ပြိုင်ပွဲတွင် တတိယ ကြေးတံဆိပ်ဆုကို တရုတ်အသင်းနှင့် အတူ ဆွတ်ခူးရရှိပြီး ထိုင်းအသင်းက ပထမ၊ မလေးရှားအသင်းက ဒုတိယရရှိကြောင်း သိရှိရသည်။

ယနေ့အထိ မြန်မာနိုင်ငံမှ ငွေတံဆိပ်ဆုငါးခုနှင့် ကြေးတံဆိပ်ဆု နှစ်ခုတို့ကို ဆွတ်ခူးရရှိပြီးဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မြေပုံမြို့ ပြည်သူ့ဆေးရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❂ ရှေ့ဖုံးမှ

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်သည် မုန်တိုင်းဒဏ်ခံရသော ရေလုပ်သားများအား ဖြည့်ဆည်းပေးမည့် ငါးဖမ်းလှေများ တည်ဆောက်ထားမှုနှင့် ငါးဖမ်းပိုက်များကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပေါက်တောမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး ကျောင်းပြန်လည်ပြုပြင်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ယင်းနောက် ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများအား တွေ့ဆုံ၍ သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များကို မေးမြန်းပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် စက်မှုနိုင်ငံ ထူထောင်သွားရမည်ဖြစ်၍ နိုင်ငံတော်၏ ဦးတည်ချက်နှင့်အညီ လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းရေးကို အထောက်အကူပြုမည့် ပညာရေးဖြစ်ရန် သင်ကြားရေးတို့ကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်အား ပေါက်တောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လွင်က ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းစီမံ ဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ပေါက်တောမြို့နယ်ရှိ လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ပေါက်တောမြို့နယ်ရှိ လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများကို ပေးအပ်စဉ်။ (သတင်းစဉ်)

ပေးအပ်

ဆက်လက်၍ ဝန်ကြီး ဦးမောင်မောင်ဆွေနှင့် ဝန်ကြီး ဦးသိန်းဆွေတို့က အဝတ်အထည်နှင့် မိုးကာစများ၊ စားသောက်ပစ္စည်းများကို ပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာများနှင့် ပေါက်တောမြို့နယ်မှ ရွေးချယ်ခံလွှတ်တော်ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပေါက်တောမြို့မှ မြေပုံမြို့သို့ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြပြီး ရဟတ်ယာဉ်ပေါ်မှ မြေပုံမြို့ ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်ထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့သစ်လုပ်ငန်း ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန ယာယီသစ်ဆိုင်သို့ ရောက်ရှိကြပြီး လေဘေးသင့် သာသနာရေးဆိုင်ရာ အဆောက်အအုံများနှင့် လူနေအိမ်များ ပြန်လည်တည်ဆောက်ရန်အတွက် သစ်များထုတ်ပေးနေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တန်ဖိုးနည်းကျေးလက်အိမ်ရာ ပြသထားမှုနှင့် ရခိုင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနက ရေလုပ်ငန်းများ ပြန်လည်ထူထောင်ရေးအတွက် လှေများ တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် WFP ၏ ယာယီပစ္စည်းသိုလှောင်ရုံ ဆောက်လုပ်မှုကိုကြည့်ရှုပြီး လေဘေးသင့်ပြည်သူများအားထောက်ပံ့ရာတွင် အမှန်တကယ် အသုံးတည့်မည့် စားနပ်ရိက္ခာများ၊ အသုံးအဆောင်ပစ္စည်းများ၊ ကျန်းမာရေးဆေးဝါးများကို ထောက်ပံ့ကသင့်လျော်ကြောင်း တာဝန်ရှိသူများအား အကြံပြု ပြောကြားသည်။

တွေ့ဆုံ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြေပုံမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများအား တွေ့ဆုံ၍ ကျောင်းသားများ အမှန်တကယ် တတ်မြောက်အောင် သင်ကြားပေးရေး၊ စည်းကမ်းကောင်းမွန်ပြီး ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထက်မြက်စေရန် ငယ်စဉ်ကလေးဘဝမှစ၍ လေ့ကျင့်သင်ကြားပေးရေးနှင့် ဆရာ၊ ဆရာမများကိုယ်တိုင် ဘာသာရပ်ဆိုင်ရာများ ကျွမ်းကျင်တတ်မြောက်ရန် စဉ်ဆက်မပြတ် လေ့လာဆည်းပူးရေး မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ ဆရာမများအား တွေ့ဆုံ၍ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနိုင်မှု အခြေအနေနှင့် သိရှိလိုသည်များကို မေးမြန်းသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ပြည်သူ့ဆေးရုံ မုန်တိုင်းဒဏ်ခံရမှုနှင့် ပြန်လည်ပြုပြင်မှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုပြီး ဆေးရုံ၌ တက်ရောက်ဆေးဝါးကုသမှုခံယူနေကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားကာ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးအေးသန်းက မုန်တိုင်းတိုက်ခတ်မှုနှင့် စပ်လျဉ်း၍ ကယ်ဆယ်ရေးလုပ်ငန်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊ သန့်ရှင်းရေးလုပ်ငန်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းဆောင်ရွက်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က မြေပုံမြို့နယ်ရှိ လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ဗိုလ်ချုပ်လှမင်း၊ တိုင်းမှူးနှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများက **စာမျက်နှာ ၅ ကော်လံ ၁ သို့**❁

> ❑ **နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရန် စက်မှုနိုင်ငံ ထူထောင်သွားရမည်ဖြစ်၍ နိုင်ငံတော်၏ ဦးတည်ချက်နှင့်အညီ လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းရေးကို အထောက်အကူပြုမည့် ပညာရေးဖြစ်ရန် သင်ကြား။**
>
> ❑ **ကျောင်းသားများ အမှန်တကယ် တတ်မြောက်အောင် သင်ကြားပေးရေး၊ စည်းကမ်းကောင်းမွန်ပြီး ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထက်မြက်စေရန် ငယ်စဉ်ကလေးဘဝမှစ၍ လေ့ကျင့်သင်ကြားပေးရေးနှင့် ဆရာ၊ ဆရာမများကိုယ်တိုင် ဘာသာရပ်ဆိုင်ရာများ ကျွမ်းကျင်တတ်မြောက်ရန် စဉ်ဆက်မပြတ် လေ့လာဆည်းပူး။**

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မြေပုံမြို့၌ ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနက ရေလုပ်ငန်းများ ပြန်လည်ထူထောင်ရေးအတွက် လှေများတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သဘာဝဘေးအန္တရာယ်ကြောင့် ဆုံးရှုံးမှုများမဖြစ်ရန် ကြိုတင်စီမံထား နိုင်ငံတော်က ထုတ်လွှင့်ပေးသည့်သတင်းများကို ဂရုပြုလိုက်နာ အခိုင်အမာအဆောက်အအုံများ ဆောက်လုပ်နေထိုင်သည့် လူနေမှုပုံစံပြောင်းလဲ

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မြေပုံမြို့နယ်ရှိ လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

❀ စာမျက်နှာ ၄ မှ

ဆေးဝါးပစ္စည်းများ၊ အဝတ်အထည်များ၊ ကျောင်းဝတ်စုံများနှင့် မိုးကာစများကို ပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာများနှင့် မြေပုံမြို့နယ်မှ ရွေးချယ်ခံ လွှတ်တော်ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြေပုံမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး မင်းပြားမြို့သို့ ရောက်ရှိကြသည်။

ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဒေသဖွံ့ဖြိုးရေးအတွက် မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က မင်းပြားမြို့နယ်ရှိ လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်သည်။

ဆက်လက်၍ ဗိုလ်ချုပ်လှမင်းက ဆေးဝါးများ၊ အဝတ်အထည်များနှင့် ကျောင်းဝတ်စုံများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ နိုင်ငံတော်ဝန်ကြီးချုပ်က ပင်လယ်နှင့် နီးစပ်သောဒေသတွင် နေထိုင်ကြသည်ဖြစ်၍ ကမ္ဘာ့ရာသီဥတု ဖောက်ပြန်မှုကြောင့် သဘာဝဘေးအန္တရာယ်များကျရောက်နိုင်သည့် အနေအထားကို ကြိုတင်မြော်တွေးပြီး သဘာဝဘေးအန္တရာယ်ကြောင့် ဆုံးရှုံးမှုများမဖြစ်ရန် သတိရှိရေး၊ ကြိုတင်ပြင်ဆင်မှုများ စီမံဆောင်ရွက်ထားရေး၊ နိုင်ငံတော်က ထုတ်လွှင့်ပေးသည့် သတင်းများကို ဂရုပြုအလေးထား လိုက်နာဆောင်ရွက်ရေးနှင့် ကျေးလက်နေပြည်သူများ အလုပ်ကို ကြိုးစားလုပ်ကိုင်ပြီး ရရှိသည့်ငွေကို စနစ်တကျ စုဆောင်းကာ အခိုင်အမာ အဆောက်အအုံများ ဆောက်လုပ်နေထိုင်

မွန်းလွဲပိုင်းတွင် စစ်တွေမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်သည် လေဘေးသင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးစဉ် ပေါက်တောမြို့၊ မြေပုံမြို့နှင့် မင်းပြားမြို့တို့၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံ ပြည်သူများနှင့် တွေ့ဆုံရာတွင် မိမိဦးဆောင်သော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်း၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါလာသောအဖွဲ့သည် ရခိုင်ပြည်နယ်အတွင်းရှိ လေဘေးသင့်မြို့များနှင့်ကျေးရွာများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ တိုးတက်မှုအခြေအနေ

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ပုဏ္ဏားကျွန်းမြို့နယ်ခန်းမ၌ ရပ်မိရပ်ဖများနှင့် ဌာနဆိုင်ရာများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မင်းပြားမြို့ ရာမောင်ခန်းမသို့ ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ရာမောင်ခန်းမ၌ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံသည်။

ရှေးဦးစွာ ဝန်ကြီးချုပ်အား မြို့နယ်ဥက္ကဋ္ဌ ဦးနေလင်းထွန်းက မုန်တိုင်းလွန်ကာလ ထောက်ပံ့ရေးနှင့် ပြန်လည်တည်

ဌာနဆိုင်ရာများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မင်းပြားမြို့မှ ပုဏ္ဏားကျွန်းမြို့သို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပုဏ္ဏားကျွန်းမြို့နယ်ခန်းမ၌ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား

သည့် လူနေမှုစနစ်ပုံစံပြောင်းလဲ နေထိုင်ရေးကို ပညာပေးစည်းရုံး ဆောင်ရွက်သွားရေး မှာကြားသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရပ်မိရပ်ဖများနှင့် ဌာနဆိုင်ရာများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ပုဏ္ဏားကျွန်းမြို့မှ ပြန်လည်ထွက်ခွာခဲ့ကြရာ

နှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် လာရောက်ခြင်းဖြစ်ကြောင်း။

မိမိတို့တွင် နာဂစ်မုန်တိုင်းဒဏ် ခံစားခဲ့ရစဉ် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ထိရောက်သော ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ပြီး အချိန်တိုအတွင်းမှာပင် တည်

မြေပုံမြို့နယ်၌ ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနက ရေလုပ်ငန်းများ ပြန်လည်ထူထောင်ရေးအတွက် တည်ဆောက်နေသည့် လှေများကို တွေ့ရစဉ်။ (သတင်းစဉ်)

ဆောက်ရေးလုပ်ငန်းများကို မူလထက်သာလွန်ကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်သည့် အတွေ့အကြုံများ ရှိပြီးဖြစ်ကြောင်း။

သို့ဖြစ်၍ ရခိုင်ပြည်နယ်အတွင်းရှိ မြို့များနှင့် ကျေးရွာများ မုန်တိုင်းဒဏ်ခံစားရသည်နှင့် ဝန်ကြီးများနှင့် တာဝန်ရှိသူများအား ဦးစွာစေလွှတ်ပြီး ကယ်ဆယ်ရေးနှင့်ကူညီစောင့်ရှောက်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ပေးခဲ့ကြောင်း။

မိမိဦးဆောင်သော အဖွဲ့ကလည်း နိုဝင်ဘာ ၂ ရက်နှင့် ၃ ရက်တို့တွင် လေဘေးသင့်မြို့များနှင့် ကျေးရွာများသို့ရောက်ရှိပြီး ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး နေရေး၊ စားရေးနှင့် ဝတ်ရေးဆိုင်ရာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း။

ယခုအခါ မုန်တိုင်းသင့်မြို့များနှင့် ကျေးရွာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ပျက်စီးဆုံးရှုံးသည့် အဆောက်အအုံများပြန်လည်ပြုပြင်ခြင်း၊ ဆောက်လုပ်ခြင်းလုပ်ငန်းများအတွက် လိုအပ်သည့် သစ်များနှင့် အမိုးသွပ်များအပါအဝင် ဆောက်လုပ်ရေးပစ္စည်းများ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ လုံးဝပျက်စီးသွားသည့် အဆောက်အအုံများ ပြန်လည်အစားထိုး ဆောက်လုပ်ပေးရန် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

မုန်တိုင်းကြောင့် ထိခိုက်ခဲ့ရသည့် စီးပွားရေးလုပ်ငန်းများ မူလအခြေအနေအတိုင်း ပြန်လည်လုပ်ကိုင်နိုင်ရန် စိုက်ပျိုးရေးလုပ်ငန်းအတွက် မျိုးများပြန်လည်ဖြန့်ဖြူးနိုင်ရေး စီမံထားရှိပြီးဖြစ်သကဲ့သို့ ရေလုပ်ငန်းလုပ်ကိုင်သူများ လတ်တလောဝင်ငွေရရှိစေရန် ငါးဖမ်းပိုက်များ၊ ကွန်များကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း၊ ဆုံးရှုံးသွားသည့် လှေများ ပြန်လည်ဖြည့်ဆည်းပေးနိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း။

ယခုအခါ မုန်တိုင်းဒဏ်ခံရသည့် မြို့များနှင့်ကျေးရွာများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများသည် တိုးတက်မှုရှိနေပြီဖြစ်၍ မူလထက်သာလွန်ကောင်းမွန်သည့် အခြေအနေကိုရောက်ရှိအောင် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ ပူးပေါင်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုဝင်ဘာ ၇ ရက်က မိမိတို့နိုင်ငံအတွက် အရေးအကြီးဆုံး အဆင့်ဖြစ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီဖြစ်ကြောင်း။

ဆက်လက်ပြီး မူဝါဒလမ်းစဉ် (၇)ရပ်၏ ကျန်ရှိသော လုပ်ငန်းအဆင့်ဆင့်ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မည်သည့်အစိုးရ တာဝန်ယူသည်ဖြစ်စေ နိုင်ငံတော်တည်ငြိမ်ရေး၊ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တိုင်းရင်းသားပြည်သူများက ဝိုင်းဝန်းပူးပေါင်းလက်တွဲ ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

မိမိတို့ တိုင်းရင်းသားများအားလုံးသည် ပြည်ထောင်စုစိတ်ဓာတ် အခြေခံသည့် စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးကို သားစဉ်မြေးဆက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရမည် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

(သတင်းစဉ်)

ထူးခြားသည့်ညအပူချိန် ၂၄-၁၁-၂၀၁၀		
	ဟားခါး	၂ ဒီဂရီစင်တီဂရိတ်
	မင်းတပ်	၆ ဒီဂရီစင်တီဂရိတ်

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံ အထက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

❖ကျောဖုံးမှ
စီစဉ်ဆောင်ရွက်ပေးခဲ့ရာ ပြည်ပရတနာကုန်သည် ၄၀၆၀ အတွက် ဟိုတယ်အခန်းပေါင်း ၁၅၉၆ ခန်း၊ ပြည်ပရတနာကုန်သည် ၂၄၄ ဦးအတွက် လုံးချင်းအိမ်ရာ ၂၃ လုံး ကြိုတင်စီစဉ်ပေးနိုင်ခဲ့သည်။ ပြည်ပရတနာ ကုန်သည်များ တည်းခိုနေထိုင်မှုတွင် နိုဝင်ဘာ ၁၈ ရက်၌ ၃၂၄၂ ဦး အထိ တည်းခိုနေထိုင်ခဲ့ကြောင်း သိရသည်။

ကုမုဒြာဟိုတယ်မှ ဟိုတယ်မန်နေဂျာ ဦးအောင်နိုင်ထွန်းနှင့် တရုတ်စကားပြန် အမျိုးသမီးငယ်တို့က ပြည်ပရတနာကုန်သည်များ စားသောက်မှုအဆင်ပြေစေရေး စီစဉ်ဆောင်ရွက်ပေးမှု အခြေအနေကို ရှင်းလင်းပြောကြားစဉ်။

ကျွေးမွေးဧည့်ခံရေး

ကျွေးမွေးဧည့်ခံရေး ဆပ်ကော်မတီကလည်း နေပြည်တော်ရှိ ဟိုတယ် ၁၀ ခု၌ စားသောက်ခန်းမ ၁၀ ခုနှင့် မဏိရတနာ ကျောက်စိမ်းခန်းမအနီး ပတ်ဝန်းကျင်ရှိ စားသောက်ဆိုင် ၂၄ ဆိုင် စုစုပေါင်း စားသောက်ခန်း ၃၄ ခုတွင် ဧည့်သည် ၃၀၃၁ ဦး တစ်ပြိုင်တည်း စားသောက်နိုင်ရေးအတွက် စီစဉ်ပေးထားသည်။ ရန်ကုန်မြို့မှ တရုတ်အစားအစာ အဓိကရောင်းချသည့် စားသောက်ဆိုင် ရှစ်ဆိုင်ကိုလည်း သီးခြားအစီအစဉ်ဖြင့် ဖိတ်ကြားကာ ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

ပြန်ကြားရေး ဆပ်ကော်မတီသည် မြန်မာ့ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြားနှင့် နေ့စဉ်ထုတ်သတင်းစာများ၌ မြန်မာ့ကျောက်မျက်ရတနာ ပြပွဲသတင်းများကို နေ့စဉ်ထုတ်ပြန်နိုင်ရေးအတွက် မြန်မာ့ကျောက်မျက်ရတနာပြတိုက် ဒုတိယထပ်တွင် ယာယီရုံးခန်းဖွင့်လှစ်၍ အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်လျက်ရှိရာ မြန်မာတစ်နိုင်ငံလုံးမှ ပြည်သူများအနေဖြင့် နေပြည်တော်၌ ပထမဆုံးအကြိမ်ကျင်းပသည့် မြန်မာ့ကျောက်မျက်



သင်္ဂဟဟိုတယ်မှ ဟိုတယ်မန်နေဂျာ ဒေါ်နန္ဒာဝင်း ပြည်ပရတနာကုန်သည်များ တည်းခိုနေထိုင်မှု အဆင်ပြေစေရေး စီစဉ်ဆောင်ရွက်ပေးမှု အခြေအနေကို ရှင်းလင်းပြောကြားစဉ်။

ရတနာပြပွဲကြီးကို စိတ်ဝင်စားမှု မြင့်မားလျက်ရှိကြောင်းသိရသည်။

သွားလာရေး

ကြိုဆိုနေရာချထားရေးနှင့် သယ်ယူပို့ဆောင်ရေးဆပ်ကော်မတီ၏ စီစဉ်မှုဖြင့် ပြည်ပရတနာကုန်သည်များ တည်းခိုသောဟိုတယ်မှ ရတနာပြပွဲအပါအဝင် အခြားသွားလိုသည့်နေရာများသို့ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ဗန္ဓုလသယ်ယူပို့ဆောင်ရေး လီမိတက်မှ ပါရမီ Taxi အစီးရေ ၁၀၀ ဖြင့် နေ့စဉ်ပြေးဆွဲပေးလျက်ရှိသည်။ ထို့အပြင် ပြည်ပရတနာ ကုန်သည်များ နေပြည်တော်သို့ လာရောက်ရာတွင် အဆင်ပြေလွယ်ကူစေရေးအတွက်လည်း ရန်ကုန်-နေပြည်တော် စင်းလုံးငှား လေယာဉ်ခရီးစဉ်၊ ကွမ်ကျိုး-နေပြည်တော် တိုက်ရိုက်စင်းလုံးငှား လေယာဉ်ခရီးစဉ်နှင့် မကာအို-နေပြည်တော်တိုက်ရိုက် စင်းလုံးငှား လေယာဉ်ခရီးစဉ်တို့ကို မြန်မာ့လေကြောင်းနှင့် အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းတို့ဖြင့် စီစဉ်ပေးခဲ့ပြီး ပုလဲနှင့်ကျောက်မျက်အတွဲများ ဝယ်ယူပြီးစီး၍ ပြန်လည်ထွက်ခွာကြသည့် ပြည်ပရတနာကုန်သည်များအတွက် နေပြည်တော်-ရန်ကုန် ပုံမှန်ပျံသန်းလျက်ရှိသော မြန်မာ့လေကြောင်းခရီးစဉ်များဖြင့် စီစဉ်ပေးလျက်ရှိကြောင်း သိရသည်။

၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပသည့်ကာလအတွင်း မြန်မာ့ကျောက်မျက်ရတနာပြတိုက် ဒုတိယအထပ်တွင် ပြည်တွင်းရတနာကုမ္ပဏီများက ရတနာပစ္စည်းအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချလျက်ရှိရာ ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များ နှစ်ခြိုက်စွာ ဝယ်ယူအားပေးလျက်ရှိကြသည်။

သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်းနှင့် ထိုင်းနိုင်ငံမှ VES Group Co.,Ltd. တို့ ဖက်စပ်တည်ထောင်ထားသော Myanmar VES Gems & Jewels ရတနာပစ္စည်းအရောင်းဆိုင်မှ အရောင်းတာဝန်ခံ ဒေါ်တင်ရှိန်နှင့် အရောင်းဝန်ထမ်းအား တွေ့ဆုံမေးမြန်းရာ Myanmar VES Gems & Jewels ရတနာပစ္စည်းအရောင်းဆိုင်ကို မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်) ဖွင့်လှစ်ခဲ့ချိန်နှင့် တစ်ပြိုင်တည်းမှာပင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြပွဲကာလမဟုတ်လျှင် အရောင်းအဝယ် ပုံမှန်သာရှိသော်လည်း ပြပွဲကာလအတွင်း ပိုမိုရောင်းချရကြောင်း၊ မိုးကုတ်တွင်းထွက် ကျောက်မျက်များဖြင့် ပြုလုပ်ထားသော လက်ဝတ်ရတနာများကို ပိုမိုစိတ်ဝင်စားကြကြောင်း၊ ရန်ကုန်မြို့၌ ကျင်းပသည့် ရတနာပြပွဲထက် ပိုမိုစည်ကားသည်ကို တွေ့ရကြောင်းဖြင့် ပြောကြားကြသည်။

စိတ်ဝင်စားမှုရှိ

Treasure Gems ရတနာပစ္စည်းအရောင်းဆိုင်မှ အထွေထွေမန်နေဂျာ ဒေါ်တင်မျိုးသက်အား မေးမြန်းရာတွင် Treasure Gems ရတနာပစ္စည်းအရောင်းဆိုင်ကို ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ Myanmar Shopping Mall နှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ထွက်ခွာခန်းမတို့၌ ဖွင့်လှစ်ရောင်းချလျက်ရှိကြောင်း၊ နေပြည်တော်၌ ယခုပြပွဲတွင် ပထမဆုံး လာရောက်ဖွင့်လှစ်ရောင်းချခြင်းဖြစ်ကြောင်း၊ ပြည်တွင်းပြည်ပ ရတနာကုန်သည်များ စိတ်ဝင်စားမှု ရှိသည်ကိုတွေ့ရကြောင်း၊ တရုတ်ကုန်သည်များက ကျောက်စိမ်းကို ပိုမိုစိတ်ဝင်စားပြီး အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်းတို့မှ ကုန်သည်များက ပတ္တမြား၊ နီလာနှင့် ပုလဲတို့ကို စိတ်ဝင်စားကြကြောင်း၊ နိုင်ငံတကာမှ မြန်မာ့ကျောက်မျက်ရတနာ အရည်အသွေးမြင့်မားမှုကို သိရှိနိုင်စေရန် ရှားပါးပြီး လက်ရာကောင်းမွန်သည့် ရတနာပစ္စည်းများကို ဦးစားပေးပြသထားပါကြောင်းဖြင့် ပြောကြားသည်။

Mandalay Gems Center ရတနာပစ္စည်းအရောင်းဆိုင်မှ မန္တလေးကျောက်မျက်အသင်း အလုပ်အမှုဆောင် ဒေါ်ကေသွယ်ထွန်းကလည်း Mandalay Gems Center ကို မန္တလေးမြို့ ၂၆(ဘီ) လမ်း ဈေးချိုနာရီစင်အနီး၌ ဖွင့်လှစ်ထားကြောင်း၊ နေပြည်တော်၌ ရတနာပြပွဲကာလအတွင်း ပထမဆုံးအကြိမ် လာရောက်ဖွင့်လှစ်ရောင်းချခြင်း ဖြစ်ကြောင်း၊ ပြည်ပရတနာကုန်သည်များက ကျောက်စိမ်းနှင့်ပုလဲကို အဓိကထား ဝယ်ယူကြတာ တွေ့ရကြောင်း၊ ယခုကဲ့သို့ နေပြည်တော်၌ ကျင်းပပေးနိုင်၍ တစ်နိုင်ငံလုံးကသိရှိပြီး စည်စည်ကားကား သိုက်သိုက်မြိုက်မြိုက်ရှိသည်ကို တွေ့ရကြောင်း၊ ပြပွဲအနီး ပတ်ဝန်းကျင်၌ ကားကြီး၊ ကားငယ်များဖြင့် စည်ကားနေမှုမျိုးကို ယခင်က မတွေ့ခဲ့ရကြောင်း၊ ရန်ကုန်မြို့ MCC ၌ကျင်းပသည့်ပြပွဲကို လေ့လာသူအဖြစ် သွားရောက်ဖြစ်ခဲ့ရာ ယခုလောက်စည်ကားသည်ဟု မထင်ကြောင်း၊ နောင်ကျင်းပမည့် ရတနာပြပွဲများကိုလည်း မပျက်မကွက် လာရောက်ဦးမည် ဖြစ်ကြောင်းဖြင့် ပြောကြားကြသည်။

ပြပွဲဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး(၁) မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ ညွှန်ကြားရေးမှူး ဦးအောင်ညွန့်သိန်းကလည်း နေပြည်တော်၌ ပထမဆုံးအကြိမ် ကျင်းပသည့် ရတနာပြပွဲဖြစ်သော်လည်း ကျောက်မျက်ရတနာများကို သယ်ယူခင်းကျင်း ရောင်းချနိုင်ရေးအတွက် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲများ ခင်းကျင်း ပြသရောင်းချမည့် နေရာကို ကြိုတင်ပြင်ဆင် ဆောင်ရွက်ဟိုတယ်များဝင်ငွေတိုးပြီး နေပြည်တော်တစ်ခွင် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့အပြင် ကုမုဒြာဟိုတယ်မှ ဟိုတယ်မန်နေဂျာ ဦးအောင်နိုင်ထွန်းနှင့် မန်နေဂျာ (စီမံခန့်ခွဲရေး) ဦးရဲမြင့်အောင်၊ တော်ဝင်နေပြည်တော်ဟိုတယ်မှ ဧည့်ကြိုမန်နေဂျာ ဒေါ်မျိုးမျိုးနိုင်၊ ရွှေဧည့်သည်ဟိုတယ်မှ အထွေထွေမန်နေဂျာ ဦးကျော်သူ၊ မြတ်တော်ဝင်ဟိုတယ်မှ မန်နေဂျာ (စီမံခန့်ခွဲရေး)ဦးကိုကိုကြီး တို့ကလည်း ယခုပြပွဲမှာ ပထမဆုံးအကြိမ် ဖြစ်၍ လိုအပ်ချက် အချို့ရှိနိုင်သော်လည်း နောင်လာမည့်ပြပွဲများတွင် ဧည့်သည်များ စိတ်တိုင်းကျ ပိုမို၍ ဝန်ဆောင်မှု ပေးနိုင်ကြောင်း၊ နောင်လာမည့် ပြပွဲများတွင်လည်း လာရောက်ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ လာရောက်ကြသည့် တရုတ်ရတနာကုန်သည်များက တည်းခိုနေထိုင်ရေးနှင့် စားသောက်မှုအဆင်ပြေပြီး ကျောက်စိမ်းအတွဲများ ခင်းကျင်းပြသထားမှု အထူးကောင်းမွန်ကြောင်း ပြောကြားစဉ်။

အဆင်ပြေ

တရုတ်နိုင်ငံမှ ရတနာကုန်သည် အချို့အား တွေ့ဆုံမေးမြန်းရာတွင် တည်းခိုနေထိုင်ရေးနှင့် စားသောက်ရေး အဆင်ပြေမှုရှိပါကြောင်း၊ နေပြည်တော်၌ ကျင်းပသည့် ပြပွဲပတ်ဝန်းကျင်သည် နေရာကျယ်ဝန်းမှုရှိ၍ သဘောကျကြောင်း၊ စက်ရုံ အလုပ်ရုံများမရှိ၍ လေကောင်းလေသန့်ရရှိပြီး နေထိုင်၍ ကောင်းကြောင်း၊ ကျောက်စိမ်းအတွဲများ ခင်းကျင်းပြသထားမှု အထူးကောင်းမွန်ပြီး တာဝန်ကျ ဝန်ထမ်းများနှင့် ဆက်ဆံလုပ်ကိုင်ရသည်မှာ အဆင်ပြေပါကြောင်း၊ တရုတ်နိုင်ငံ၌ ကျောက်စိမ်းထွက်ရှိသော်လည်း မြန်မာ့ကျောက်စိမ်းကို ပို၍စိတ်ဝင်စားပါကြောင်း၊ မြန်မာနိုင်ငံမှ ထွက်ရှိသည့် ကျောက်စိမ်းများမှာ တစ်မူထူးခြားပါကြောင်း၊ ယခုပြပွဲကို အထူးကျေနပ်အားရနိုင်ခြင်းကြောင့် ရတနာကုန်သည်များအနေဖြင့် ကြည့်ရှုလေ့လာ ဝယ်ယူရာ၌ အဆင်ပြေချောမွေ့မှု ရှိသည်ကို တွေ့ရ

Treasure Gems ရတနာပစ္စည်း အရောင်းဆိုင်မှ အထွေထွေမန်နေဂျာ ဒေါ်တင်မျိုးသက် ရှားပါးပြီး လက်ရာကောင်းမွန်သည့် ရတနာပစ္စည်းများ ပြသထားမှုကို ရှင်းလင်းပြောကြားစဉ်။

ကြောင်း၊ ရတနာကုန်သည်များ အကြိုက်တွေ့သည့် ကျောက်စိမ်းအတွဲများ တင်ပြထားပြီး ရတနာကုန်သည်များကလည်း အထူးစိတ်ဝင်တစား ဝယ်ယူအားပေးကြသည်ကို တွေ့ရှိရကြောင်း ပြောကြားသည်။

နေပြည်တော်ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်မှ ဟိုတယ်မန်နေဂျာ ဒေါ်နန္ဒာဝင်းအား တွေ့ဆုံမေးမြန်းရာတွင် သင်္ဂဟဟိုတယ်၌ ရတနာကုန်သည်များ အပါအဝင် ဧည့်သည် ၂၀၂ ဦး တည်းခိုနေထိုင်လျက်ရှိကြောင်း၊ စားသောက်စာရင်းကို တရုတ်ဘာသာပြန်ပေးထားပြီး တရုတ်စကားပြန် ထားရှိပေးကြောင်း၊ တရုတ်နိုင်ငံမှ ရတနာကုန်သည်များ အကြိုက်တွေ့မည့် Special Food များကိုလည်း စီစဉ်ပေးထားကြောင်း၊ ပြပွဲကာလအတွင်း ဈေးနှုန်းတိုးမြှင့်ခြင်းမရှိဘဲ ပုံမှန်ဈေးနှုန်းသာယူကြောင်း၊ နေပြည်တော်၌ ရတနာပြပွဲ ကျင်းပပေးခြင်းကို ကြိုဆိုပါကြောင်း၊ ဟိုတယ်များကို နိုင်ငံတကာအဆင့်မီ တည်ဆောက်ထားခြင်းဖြစ်၍ နိုင်ငံတကာဧည့်သည်များကို အဆင့်မီစွာ စီစဉ်ပေးနိုင်ကြောင်း၊ ယခုကဲ့သို့ ရတနာပြပွဲများ ပြုလုပ်ပေးခြင်းဖြင့်

မည်ဖြစ်ကြောင်း၊ နေပြည်တော်၌ ရတနာပြပွဲကျင်းပပေး၍ ဟိုတယ်လုပ်ငန်းများ ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း၊ နိုင်ငံတကာအဆင့်မီ ဟိုတယ်များဖြစ်၍ ရတနာပြပွဲကျင်းပပေးခြင်းအပေါ် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းဖြင့် ပြောကြားကြသည်။

၂၀၁၀ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များ စိတ်ဝင်တစား လာရောက်လျက်ရှိကြရာ နိုဝင်ဘာ ၂၄ ရက် ညနေပိုင်းအထိ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်ပေါင်း ၆၇၁၂ ဦး လာရောက်ခဲ့ကြပြီး တင်ဒါစနစ်ဖြင့် ကျောက်စိမ်းအတွဲပေါင်း ၆၂၃၅ တွဲ ရောင်းချခဲ့ရကြောင်းသိရသည်။ မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုဝင်ဘာ ၂၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ မဏိရတနာကျောက်စိမ်းခန်းမနှင့် ကျောက်စိမ်းဥယျာဉ်အနီးတစ်ဝိုက် အထူးစည်ကားလျက်ရှိကြောင်း တင်ပြလိုက်ရပါသည်။ ။

၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ဖွင့်လှစ်ရောင်းချလျက်ရှိသော Myanmar VES Gems & Jewels ရတနာပစ္စည်းအရောင်းဆိုင်တွင် ပြည်ပရတနာကုန်သည်တစ်ဦး စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာစဉ်။

နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆက်လက်ကျင်းပ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့် ကြည့်ရှုအားပေး

နေပြည်တော် နိုဝင်ဘာ ၂၄

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၁၀ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီး မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြပွဲဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့် ကြည့်ရှုအားပေးသည်။

ပြည်တွင်း ပြည်ပရတနာကုန်သည်များသည် နံနက်ပိုင်းမှစတင်၍ တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာကြပြီး အဆိုပြုလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်း ထည့်သွင်းကြရာ ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေ၊ ဗဟိုကော်မတီဝင်များနှင့် မြန်မာ့ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများက လိုက်လံကြီးကြပ်ဆောင်ရွက်ပေးကြသည်။

၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့် ပြည်တွင်း ပြည်ပ ရတနာကုန်သည်များ ကျောက်စိမ်းအတွဲများအား စိတ်ဝင်တစား ကြည့်ရှုနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ထို့အတူ ပြည်တွင်း ကျောက်မျက်ကုမ္ပဏီများ၏ ကျောက်စိမ်းအတွဲများကို နံနက်ပိုင်းမှစတင်၍ တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချရာ ကျောက်စိမ်းအတွဲပေါင်း ၁၅၈၃ တွဲ ရောင်းချရကြောင်း သိရှိရသည်။

၂၀၁၀ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်သည် ညနေပိုင်းတွင် တင်ဒါစနစ်ဖြင့် ကျောက်စိမ်းအတွဲများ ရောင်းချနေမှု၊ ရတနာကုန်သည်များ တင်ဒါပုံးများအတွင်း အဆိုပြုလွှာများ ထည့်သွင်းနေမှု၊ ကွန်ပျူတာစနစ်ဖြင့် တင်ဒါရရှိမှုနှင့် Bidding Form ရောင်းချပေးနေမှု၊ ကျောက်မျက်ရတနာ ပစ္စည်းအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုနှင့် ပြပွဲဗဟိုကော်မတီရုံးခန်းနှင့် ဆပ်ကော်မတီရုံးခန်းများ ဖွင့်လှစ်၍ လုပ်ငန်းများဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တင်ဒါရောင်းချရေး သဘာပတိအဖွဲ့ဝင်များနှင့် ပြည်တွင်းပြည်ပရတနာကုန်သည်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

အလားတူ ၂၀၁၀ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပနေသည့်ကာလအတွင်း ပြပွဲသို့ တက်ရောက်လာကြသည့် ပြည်တွင်း ပြည်ပရတနာကုန်သည်များ၏ ရတနာပြပွဲနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များ အဆင်ပြေလွယ်ကူစေရန် မြန်မာ့ကျောက်မျက်ရတနာပြတိုက် ဒုတိယထပ်တွင် ပြပွဲဗဟိုကော်မတီနှင့် ဆပ်ကော်မတီများမှ ယာယီရုံးခန်းများ ဖွင့်လှစ်၍ ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

၂၀၁၀ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ၈ ရက်မြောက်နေ့ ယနေ့တွင် ပြည်တွင်း ပြည်ပ ရတနာကုန်သည်များက ကျောက်စိမ်းအတွဲများကို စိတ်အားထက်သန်စွာ ကြည့်ရှုလေ့လာ ဝယ်ယူလျက်ရှိသည့်အပြင် ပြည်တွင်း ကျောက်မျက်ရတနာ ပစ္စည်းဆိုင်များ၌ ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိပြီး မဏိရတနာကျောက်စိမ်းခန်းမအနီးရှိ ကျောက်စိမ်းဥယျာဉ် (Jade Garden) နှင့် စားသောက်ဆိုင်များတွင်လည်း အပန်းဖြေ စားသောက်ကြသည့် ရတနာကုန်သည်များဖြင့် အထူးစည်ကားလျက်ရှိသည်။

ပြည်တွင်း ပြည်ပရတနာကုန်သည်များ၏ တင်ဒါပုံးများအတွင်း ထည့်သွင်းထားသည့် ကျောက်စိမ်းအတွဲ အဆိုပြုလွှာများကို ညနေပိုင်းတွင် တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကြသည်။

နေပြည်တော်၌ ပထမဆုံးအကြိမ်ကျင်းပသည့် ၂၀၁၀ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ၏ ကျောက်စိမ်းအတွဲများကို နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းအထိ တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး ယင်းနေ့ မွန်းလွဲပိုင်းမှစတင်၍ ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နယူးဇီလန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် သံအမတ်ကြီး ဦးပေါ်လွင်စိန်အား ခန့်အပ်

နေပြည်တော် နိုဝင်ဘာ ၂၅

ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် သြစတြေးလျနေသဟာယနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးပေါ်လွင်စိန်အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် နယူးဇီလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ (သတင်းစဉ်)

ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များ ကျောက်စိမ်းအတွဲများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

MFF Tiger Futsal Cup 2010 ပွဲစဉ်ရေးဆွဲပွဲအခမ်းအနားကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၄

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ Myanmar Brewery Ltd.၏ အဓိက ကူညီပံ့ပိုးမှုဖြင့် နိုဝင်ဘာ ၂၇ ရက်မှစတင်၍ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၆ ရက်အထိ ရန်ကုန်မြို့ လှိုင်မြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ(၂)၌ ကျင်းပမည့် MFF Tiger Futsal Cup 2010 အလွတ်တန်း ဖူဆယ် ဘောလုံးပြိုင်ပွဲအတွက် အုပ်စုပွဲစဉ်ဇယား မဲနှိုက်ရေးဆွဲပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဖူဆယ်ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/ နည်းပြများ တက်ရောက်ကြသည်။

အစီအစဉ်အရ အုပ်စု(၂) ပွဲစဉ်များကို မဲနှိုက်ရေးဆွဲခဲ့ရာ MFF Tiger Futsal Cup 2010 ဖူဆယ် ဘောလုံးပြိုင်ပွဲတွင် ခြောက်သင်းစီပါသော အုပ်စုရှစ်စုနှင့် ခုနစ်သင်းစီပါသော အုပ်စုနှစ်စုပါဝင်ပြီး အုပ်စု(က)တွင် 18 Youth, Home Thirty ရွှေပေါက်ကံလူငယ်၊ AU Star FC, Brother နှင့်သုခသီတာ၊ အုပ်စု(ခ)တွင် လှည်းတန်း၊ Black Dragon၊ လရောင် FC၊ ရေကြောင်း FC၊ HTU FC နှင့် သားရွှေအိုး၊ အုပ်စု(ဂ)တွင် ACE FC နှင့် FM Hoot၊ United Power, အောင်မေတ္တာ၊ TTU FC နှင့် White Star၊ အုပ်စု(ဃ)တွင် YZ FC၊ Marchesty လူငယ်၊ Apolo-12၊ Kyi Win Family၊ UPT(B) နှင့် Alex FC၊ အုပ်စု(င)တွင် ပျံလွှားလူငယ်၊ Road Fighter၊ SP4 H_2O၊ ကေရာဇ်၊ Generation၊ ရွှေသီဟနှင့် YZ(2)၊ အုပ်စု(စ)တွင် Real G-Star၊ သမ္မတ၊ မျိုးချစ်လူငယ်၊ KBZ United၊ စွန်ရဲ၊ Joker နှင့် Athen လူငယ်၊ အုပ်စု(ဆ)တွင် 41 Extension၊ Young Lion၊ Gold Peacock၊ Young Boy၊ Butzkrieg နှင့် Grand Father၊ အုပ်စု(ဇ)တွင် ဇ-မြောက်လူငယ်၊ A-2 FC၊ ဇဝနလူငယ်၊ နံ့သာမြိုင်၊ ရတနာသိဒ်နှင့် Royal FC၊ အုပ်စု(ဈ)တွင် ရွှေတဆုတ်၊ ဘုရားလမ်း၊ Moe Family၊ Best Friend FC၊ ရောင်ခြည် FC နှင့် ရန်ကင်း FC၊ အုပ်စု(ည)တွင် UPT၊ Virous၊ ကြယ်စင်လူငယ်၊ YZN၊ ADM FC နှင့် Young Star FC တို့ပါဝင်ကာ နေ့စဉ် တစ်ရက် ခြောက်ပွဲနှုန်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အဆိုပါ ဖူဆယ်ဘောလုံးပြိုင်ပွဲအား ဖျော်ဖြေရေးအစီအစဉ်များပါဝင်သော ဖွင့်ပွဲအခမ်းအနားဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ကွာတားဖိုင်နယ်အဆင့်မှ စတင်၍ တစ်ပွဲချင်းအလိုက် အကောင်းဆုံး ဘောလုံးသမားဆုများကို ချီးမြှင့်ပေးသွားမည်ဖြစ်သည်။ ဆုကြေးများကိုလည်း ထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်ပြီး ပထမဆု ငွေကျပ်သိန်း ၃၀၊ ဒုတိယဆုငွေကျပ် သိန်း ၂၀၊ တတိယဆု ငွေကျပ် ၁၀ သိန်း၊ စတုတ္ထဆု ငွေကျပ် ငါးသိန်းအပြင် ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံး ဘောလုံးသမားဆုကိုလည်း ချီးမြှင့်ပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မဲနှိုက်ရေးဆွဲပွဲ

အလွတ်တန်း ဖူဆယ်ဘောလုံးပြိုင်ပွဲအတွက် အုပ်စုပွဲစဉ်ဇယား မဲနှိုက်ရေးဆွဲပွဲအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် နိုဝင်ဘာ ၂၄

ယနေ့ နံနက် ၃ နာရီ ၄ မိနစ် ၃၆ စက္ကန့်တွင် မန္တလေး မြေငလျင်စခန်းမှ အနောက်မြောက်ဘက် မိုင် ၁၅၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ကလေးမြို့နယ် သာယာကုန်းကျေးရွာအနီး) တစ်နေရာကို ဗဟိုပြု၍ အင်အားရစ်(ခ်ျ)တာစကေး ၄ ဒသမ ၆ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၅-၁၁-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် - ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း တေးရေး-ဗိုလ်ကလေး တင့်အောင်)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၁၀ ၇။ အကပဒေသာ
၈း၂၅ ၈။ အတီးပြိုင်ပွဲ
၈း၄၀ ၉။ International News
၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၄း၂၀ ၃။ တေးဂီတအစီအစဉ်
၄း၃၅ ၄။ အကပြိုင်ပွဲ
၄း၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ -ပထမနှစ် (စီးပွားရေးပညာ၊ စီးပွား စီမံအထူးပြုများ) (စီးပွားရေးပညာ)
၅း၀၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၀ ၇။ "ရှင်သန်ခြင်း"
၅း၃၀ ၈။ "နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ"
၅း၄၅ ၉။ "သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်" (ဖားသူငယ်တို့ပျော်ရာကမ္ဘာ) (အပိုင်း-၇) (ဇာတ်သိမ်း)
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၂။ ပျော်ရွှင်စေသောနေ့ရက်များ
၆း၄၀ ၁၃။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကာရံမဲ့---ရင်ခုန်သံ" (အပိုင်း-၁၃)**
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ "အစာလည်းဆေး ဆေးလည်းအစာ" (အပိုင်း-၂)
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စိတ်ကူးနဲ့ကြမ္မာ" (အပိုင်း-၄)**
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသော မေတ္တာ" (အပိုင်း-၁၃)**
၂၁။ အစီအစဉ်ပြီး၏။

ပီတိကို မျှဝေပါတယ်

ဒေါက်တာဝင်းနိုင်

မနက်တိုင်း ဖေဖေနဲ့ လမ်းလျှောက်လိုက်ရတာမို့ ငါးနာရီလောက်ဆို အိပ်ရာကထတဲ့အကျင့်က ပါနေပါပြီ။ ဒါပေမယ့် တစ်နေ့ကတော့ သုံးနာရီလောက်ကတည်းက အိပ်ရာက နိုးနေခဲ့ပါတယ်။ ပြန်အိပ်လို့လည်းမရတော့ပါ။ အဲဒီနေ့ကတော့ ၂၀၁၀ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့ဖြစ်ပါတယ်။ အနှစ်(၂၀)ကျော်အတွင်း ပထမဦးဆုံးအကြိမ်ကျင်းပတဲ့ ပါတီစုံရွေးကောက်ပွဲကြီးကျင်းပတဲ့နေ့၊ ကျွန်တော်တို့ အမိမြန်မာနိုင်ငံရဲ့ သမိုင်းစာမျက်နှာသစ်တစ်ခု ဖွင့်လှစ်မယ့်နေ့မှာ အသည်းကြားက မဲတစ်ပြားကိုပေးဖို့ အခွင့်အရေးရတော့မှာကိုတွေးပြီး စိတ်လှုပ်ရှားနေတာဖြစ်မှာပါ။

မနက်ခြောက်နာရီခွဲမှာ ဖေဖေ၊ အိမ်သားများနဲ့အတူ အိမ်ကထွက်ပြီး သက်ဆိုင်ရာ မဲရုံမှာ မဲပေးခဲ့ပါတယ်။ မနက်အစောကြီးဆိုတော့ ငါတို့အရင်ဆုံးဖြစ်နေမှာပဲလို့ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးပြီးလာခဲ့တာ။ ကျွန်တော်မှားမှန်း မဲရုံရောက်မှ သိရပါတော့တယ်။ မဲပေးမယ့်သူတွေ တန်းစီနေကြတာ အများကြီးပါပဲ။ ကျွန်တော်လည်း ဝမ်းသာအားရနဲ့ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်မဲဆန္ဒနယ်မြေက သူတွေကို အလုပ်အကျွေးပြုနိုင်မယ့်သူလို့ ထင်ရတဲ့ ကိုယ်စားလှယ်လောင်းများရဲ့နေရာမှာ ထောက်ခံတဲ့အမှတ်အသားကို အားကျမခံ ထင်ထင်ရှားရှား ခြစ်ခဲ့ပါတယ်။

၁၉၈၀ ခုနှစ်မှာ ဂျပန်နိုင်ငံကို ကျောင်းပညာဆက်သင်ဖို့ ထွက်ခွာလာခဲ့ပြီး ၁၉၈၉ ခုနှစ်မှာ ချီဘာတက္ကသိုလ်က Ph.D ဘွဲ့ကို ရရှိခဲ့ပါတယ်။ ကိုယ်ဘွဲ့ရခဲ့တဲ့ IT (Information Technology) နဲ့ အလုပ်ဆက်မလုပ်ဘဲ ဂျပန်နိုင်ငံရဲ့ အောက်လွှတ်တော်အမတ်ကြီးတစ်ဦးထံမှာ ကိုယ်ရေးအရာရှိအနေနဲ့ ပညာသင်အဖြစ် အလုပ်ဝင်လုပ်ခဲ့ပါတယ်။ ဂျပန်အစိုးရရဲ့ ဘဏ္ဍာရေးဝန်ကြီးဖြစ်ခဲ့တဲ့ အောက်လွှတ်တော်အမတ်၊ ဂျပန်အစိုးရရဲ့ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အထက်လွှတ်တော်အမတ်တို့ထံမှာ အလုပ်လုပ်ခဲ့တာတွေကို ထည့်တွက်မယ်ဆိုရင်တော့ ဂျပန်နိုင်ငံရဲ့ နိုင်ငံရေးအသိုင်းအဝိုင်းက ကျွန်တော်ရဲ့ အလုပ်ခွင်ဖြစ်ခဲ့တာ နှစ် ၂၀ ကျော် ရှိမယ်ထင်ပါတယ်။ ဂျပန်နိုင်ငံအတွင်း ရွေးကောက်ပွဲများစွာမှာ ကိုယ့်လွှတ်တော်အမတ် အနိုင်ရဖို့အတွက် လုပ်ဆောင်ပေးခဲ့ရသလို မဲဆန္ဒပေးရမယ့် မဲရုံများစွာကိုလည်း အကြိမ်များစွာ လေ့လာခဲ့ဖူးပါတယ်။ ဒါပေမယ့် ကျွန်တော့်ရဲ့မွေးရပ်မြေဖြစ်တဲ့ မြန်မာနိုင်ငံမဲရုံကိုတော့ နိုဝင်ဘာ ၇ ရက်နေ့ကမှ ပထမဦးဆုံးအကြိမ် ရောက်ခဲ့ရတာပါ။

နိုဝင်ဘာ ၇ ရက်နေ့ မဲရုံမှာစေတနာ့ဝန်ထမ်း တာဝန်ထမ်းဆောင်ပေးနေကြတဲ့ မဲရုံဝန်ထမ်းများရဲ့ မဲဆန္ဒရှင် မှန်၊ မမှန်ကို စစ်ဆေးတာနဲ့ မဲဆန္ဒကတ်ပြားများ ထုတ်ပေးခဲ့တာတွေ၊ မိမိယုံကြည်အားကိုးတဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းကို လျှို့ဝှက်မဲပေးစနစ်နဲ့ ဆန္ဒမဲပေးခဲ့တာတွေ၊ မဲပုံးတွေကို အသေအချာ ချိပ်ပိတ်ထားတာတွေ၊ မဲရုံတွေမှာ ဓာတ်ပုံရိုက်ခွင့်၊ လက်ကိုင်ဖုန်းသုံးခွင့်မပေးဘဲ မဲဆန္ဒရှင်များကို စိတ်ပိုင်းဆိုင်ရာ ကာကွယ်မှုပေးခဲ့တာတွေ စတာတွေကိုကြည့်ပြီး Free and Fair Election ဆိုတာကို ကျွန်တော့်အနေနဲ့ မိမိရဲ့အတွေ့အကြုံများအရ ကောင်းစွာသိရှိခဲ့ရပါတယ်။

မဲဆန္ဒပေးပြီးနောက် ရက်အတော်အကြာမှာ ပြည်တွင်းထွက်ဂျာနယ်တွေရော၊ ပြည်ပက မြန်မာ့အရေး စိတ်ဝင်စားတဲ့သူတွေရဲ့ အင်တာနက်၊ Website တွေ၊ Blog တွေကိုပါ ဖတ်ကြည့်မိပါတယ်။ ပြည်တွင်းဂျာနယ်တွေ၊ စာနယ်ဇင်းတွေမှာ နိုင်ငံရေးနဲ့ ပတ်သက်တဲ့ ဖော်ပြပိုင်ခွင့်ကို အတိုင်းအတာတစ်ခုထိရရှိနေပြီဆိုတာ တွေ့ရပါတယ်။ ၁၉၈၈ ခုနှစ် အခြေအနေ၊ ၁၉၉၀ ခုနှစ်ရဲ့ အခြေအနေများနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ၁၀၀ ရာခိုင်နှုန်းအပြည့် မဟုတ်တောင်မှ အတော်ကြီးကို သတင်း စာနယ်ဇင်းတွေမှာရော၊ ပြည်သူတွေမှာရော နိုင်ငံရေးနဲ့ပတ်သက်တဲ့ ပြောဆိုပိုင်ခွင့်ကို ရနေကြပြီပဲလို့ ခံစားမိရပါတယ်။ ပြည်သူတွေဟာ သူတို့ ဘယ်နိုင်ငံရေးပါတီကို သဘောကျတယ်၊ ဘာကြောင့် သဘောကျတယ်၊ ဘယ်နိုင်ငံရေးပါတီကို မဲပေးခဲ့တယ်ဆိုတာတွေကို စာနယ်ဇင်းတွေရဲ့ အင်တာဗျူးတွေမှာ ပွင့်လင်းစွာ ပြောခဲ့ကြသလို စာနယ်ဇင်းတွေကလည်း စည်းကမ်းဘောင်အတွင်းက ပွင့်လင်းစွာ ဖော်ပြပေးခဲ့ကြပါတယ်။

“လွှတ်တော်အမတ်သည် အခွင့်ထူးခံ လူတန်းစားမဟုတ်ပါ။ ပြည်သူပြည်သားများ၏ အခိုင်းအစေသာဖြစ်သည်” ဆိုတဲ့ ဆောင်ပုဒ်ကို လက်ကိုင်ထားတဲ့ ကိုယ်စားလှယ်လောင်းတစ်ဦးနဲ့ ရွေးကောက်ပွဲ ယှဉ်ပြိုင်စဉ်ကာလမှာ အတူရှိနေခွင့်ကို ရရှိခဲ့ပါတယ်။ ထိုကိုယ်စားလှယ်လောင်းဟာ မဲအရေအတွက် ၂၆၀၀၀ ကျော်နဲ့ အနိုင်ရရှိခဲ့ပါတယ်။ ပြိုင်ဘက်များကတော့ တစ်ဦးက ၁၀၀၀ ကျော် ရရှိခဲ့ပြီး တစ်ဦးက ၁၀၀၀၀ အောက် ရရှိခဲ့ပါတယ်။ ကိုယ်စားလှယ်လောင်းသုံးဦးဟာ တစ်ဦးကိုတစ်ဦး လေးလေးစားစားနဲ့ ပြည်သူ့အကျိုးကို မျှော်ကိုးပြီး သူတို့ရဲ့ အယူအဆတွေကို အသေအကျေ ယှဉ်ပြိုင်ခဲ့ကြတာပါ။ သူတို့ရတဲ့ မဲတွေဟာ မိုးပေါ်ကကျလာတဲ့ မဲတွေမဟုတ်ပါဘူး။ မဲရုံတွေမှာ ပေးတဲ့မဲတွေနဲ့ ကြိုတင်မဲပေးထားတဲ့မဲတွေကို (ဘယ်သူက ဘယ်လောက်ရတာကို) တစ်ချိန်တည်းမှာပဲ ရေတွက်တယ်ဆိုတာ တရားမျှတသောလုပ်ရပ် ဖြစ်ပါတယ်။ ကြိုတင်မဲတစ်ပြားရဲ့ တန်ဖိုးနဲ့ မဲရုံက မဲတစ်ပြားရဲ့တန်ဖိုးဟာ တူညီပါတယ်။ မဲဆန္ဒရှင်တွေရဲ့ အသည်းကြားကလာတဲ့ မဲပြားလေးတွေပါ။

“နိုင်ငံရေးမှာ ရှုံးတာမဆန်းပါဘူး။ ရတဲ့မဲတွေအတွက် ကျေနပ်ပါတယ်။ ကိုယ့်ကို အားပေးတဲ့သူတွေအတွက် ဘာမှ ပြန်မလုပ်ပေးနိုင်တဲ့အတွက် စိတ်မကောင်းဘူး၊ အနိုင်အရှုံးကိုတော့ အတွေ့အကြုံရတာပေါ့။ နိုင်တဲ့သူတွေရော၊ ရှုံးတဲ့သူတွေရော ပါတီထဲမှာရှိပါတယ်။ ပါတီက နောက်ငါးနှစ် ရပ်တည်ခွင့်ရမှာပေါ့။ အဲဒီအတွင်း ပြည်သူ့အကျိုးကို ဆက်လုပ်ပေါ့။ ကျေနပ်တယ်။ ရတဲ့မဲတွေ အကုန်လုံးက ဖြူဖြူစင်စင်ပါပဲ။ အရေးကြီးတဲ့ကာလမှာ ထောက်ခံပံ့ပိုးပေးတဲ့သူတွေကို ကျေးဇူးတင်ပါတယ်” ဆိုတဲ့ ရွေးကောက်ပွဲမှာ ရှုံးနိမ့်သွားတဲ့ ကိုယ်စားလှယ်လောင်းများရဲ့ မြင့်မြတ်တဲ့ ရပ်တည်မှုအနေအထားကို ပြည်တွင်းက စာနယ်ဇင်းတစ်ခုမှာ ဖတ်ရှုရပါတယ်။ ဘာပဲဖြစ်ဖြစ် ရွေးကောက်ပွဲမှာ အနိုင်ရသူတွေရော၊ ရှုံးနိမ့်ခဲ့ကြသူတွေရော သူတို့အားလုံးကို တန်းတူ လေးစားတန်ဖိုးထားသင့်ပါတယ်။

ဂျပန်နိုင်ငံရဲ့ Mainichi သတင်းစာ (နိုဝင်ဘာလ ၁၀ ရက်နေ့) မှာ ထိုင်းနိုင်ငံဝန်ကြီးချုပ်ရဲ့ သဘောထားကို အောက်ပါအတိုင်း ဖော်ပြထားပါတယ်။ “၂၀၁၀ ခုနှစ် ရွေးကောက်ပွဲဆိုတဲ့ တစ်ကြိမ်တည်းသော ရွေးကောက်ပွဲက မြန်မာနိုင်ငံရဲ့ အခြေအနေအရပ်ရပ်ကို တစ်ပြိုင်နက်တည်း ပြောင်းလဲနိုင်မှာ မဟုတ်ပါဘူး။ အချိန်ယူပြီး ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အိမ်နီးချင်းနိုင်ငံတစ်ခုအနေနဲ့ ရွေးကောက်ပွဲပြီး [right column cut off]

> **“မြန်မာသည် မြန်မာဖြစ်သည်။ မြန်မာနိုင်ငံသည် မြန်မာနိုင်ငံသားများ၏ တိုင်းပြည်ဖြစ်သည်” ဆိုတဲ့ဆောင်ပုဒ်ကို လက်ကိုင်ထားတဲ့ ကိုယ်စားလှယ်လောင်းတိုင်းကို ပါတီမရွေး ကျွန်တော်လေးစားပါတယ်။ ထိုဆောင်ပုဒ်လေးကို ကြားရတိုင်း၊ ဖတ်ရတိုင်း ပီတိဖြစ်မိပါတယ်။**
>
> **တစ်ဦးပေါ်တစ်ဦး လေးစားမှုထားပြီး အယူအဆပိုင်းနဲ့ လုပ်ဆောင်နိုင်စွမ်းပိုင်းဆိုင်ရာ ယှဉ်ပြိုင်မှုကို အစွမ်းကုန်လုပ်ဆောင်ခဲ့ကြတဲ့ ကိုယ်စားလှယ်လောင်းများနဲ့ ထိတွေ့ခွင့်ရတဲ့အတွက်လည်း ပီတိဖြစ်မိပါတယ်။**

> **ဂျပန်နိုင်ငံရဲ့ Mainichi သတင်းစာ (နိုဝင်ဘာလ ၁၀ ရက်နေ့)မှာ ထိုင်းနိုင်ငံဝန်ကြီးချုပ်ရဲ့ သဘောထားကို အောက်ပါအတိုင်း ဖော်ပြထားပါတယ်။ “၂၀၁၀ ခုနှစ် ရွေးကောက်ပွဲဆိုတဲ့ တစ်ကြိမ်တည်းသော ရွေးကောက်ပွဲက မြန်မာနိုင်ငံရဲ့ အခြေအနေအရပ်ရပ်ကို တစ်ပြိုင်နက်တည်း ပြောင်းလဲနိုင်မှာ မဟုတ်ပါဘူး။ အချိန်ယူပြီးဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အိမ်နီးချင်းနိုင်ငံ တစ်ခုအနေနဲ့ ရွေးကောက်ပွဲပြီး ပေါ်ပေါက်လာမယ့် အစိုးရသစ်နဲ့ ပွင့်လင်းရင်းနှီးစွာ အပြုသဘောဆက်ဆံသွားမှာ ဖြစ်ပါတယ်”**

> **အာဆီယံအဖွဲ့အ…**
> **အဖြစ် တာဝန်ထ…**
> **ဗီယက်နမ်နိုင်ငံ တာ…**
> **“၂၀၁၀ ခုနှစ် ရွေ…**
> **မြန်မာနိုင်ငံမှာ …**
> **ထွန်းကားဖို့အတွက် …**
> **ပထမအဆင့် တစ်ခု…**
> **Mainichi …**
> **နိုဝင်ဘာလ ၁၀ …**
> **ဆက်လက်ဖော်ပြထ…**

နိုင်ငံတစ်ခုအနေနဲ့ ရွေးကောက်ပွဲပြီး…
သစ်နဲ့ ပွင့်လင်းရင်းနှီးစွာ အပြုသ…
တယ်”

အာဆီယံအဖွဲ့အစည်းရဲ့ ဥ…
ဆောင်နေတဲ့ ဗီယက်နမ်နိုင်ငံ တာ…
ခုနှစ် ရွေးကောက်ပွဲဟာ မြန်မာ…
ထွန်းကားဖို့အတွက် အရေးကြီးတဲ့ ပ…
လို့ Mainichi သတင်းစာမှာ နို…
ဆက်လက်ဖော်ပြထားပါတယ်။

မြန်မာနိုင်ငံအကြောင်းကို ကော…
ကြတဲ့ အိမ်နီးချင်းနိုင်ငံများက ၂၀…
အပြုသဘောဆောင်တဲ့ ကြိုဆိုမှု…
အမေရိကန်နဲ့ အချို့သော အီးယူ…
၂၀၁၀ ခုနှစ် ရွေးကောက်ပွဲကို အပ…
တာကို တွေ့ရပါတယ်။ ထိုအပျ…
ပြည်ပက မြန်မာ့အရေး စိတ်ဝင်စား…
အလေးထား ဖော်ပြပေးနေတာကပေ…
အချက် တစ်ချက်ပါ။

အမေရိကန်နိုင်ငံရော၊ အီးယ…
အချို့ရော သူတို့ရဲ့ လက်ရှိနိုင်ငံ…
တစ်ရက်တည်း၊ တစ်လတည်း၊ တ…
လာနိုင်ခဲ့တာ မဟုတ်ပါဘူး။ အချိန်…
ခဲ့ရတယ်ဆိုတာ ကာယကံရှင်များက…
အဆင့်မှာရှိတဲ့ မြန်မာနိုင်ငံကို ၁…
ပေတံကြီးနဲ့ တိုင်းမယ်ဆိုရင်တော့…
မှာပါ။

“မြန်မာသည် မြန်မာဖြစ်သည်…
နိုင်ငံသားများ၏ တိုင်းပြည်ဖြစ်သ…
လက်ကိုင်ထားတဲ့ ကိုယ်စားလှယ်…
ကျွန်တော်လေးစားပါတယ်။ ထိုဆေ…
ဖတ်ရတိုင်း ပီတိဖြစ်မိပါတယ်။

တစ်ဦးပေါ်တစ်ဦး လေးစားမှ…
လုပ်ဆောင်နိုင်စွမ်းပိုင်းဆိုင်ရာ ယှ…
ဆောင်ခဲ့ကြတဲ့ ကိုယ်စားလှယ်လေ…
အတွက်လည်း ပီတိဖြစ်မိပါတယ်။

ပြည်သူလူထုဟာ ဆန္ဒမဲထည်…
ပေမယ့် နိုင်ငံတကာနဲ့ယှဉ်ကြည့်ရ…
tion ဖြစ်ခဲ့တဲ့ နိုဝင်ဘာလ ၇ ရ…
မဲတစ်ပြား ပေးနိုင်ခဲ့တဲ့အတွက်လ…
တယ်။

ကျွန်တော်ရဲ့ပီတိကို မြန်မာ…
မိတ်ဆွေများအားလုံးကို ဝေငှပါတ…

အာဆီယံအဖွဲ့အစည်းရဲ့ ဥက္ကဋ္ဌ အဖြစ် တာဝန်ထမ်းဆောင်နေတဲ့ ဗီယက်နမ်နိုင်ငံ တာဝန်ရှိသူကလည်း "၂၀၁၀ ခုနှစ် ရွေးကောက်ပွဲဟာ မြန်မာနိုင်ငံမှာ ဒီမိုကရေစီစနစ် ထွန်းကားဖို့အတွက် အရေးကြီးတဲ့ ပထမအဆင့် တစ်ခုဖြစ်တယ်" လို့ Mainichi သတင်းစာမှာ နိုဝင်ဘာလ ၁၀ ရက်နေ့က ဆက်လက်ဖော်ပြထားပါတယ်။

နိုင်ငံတစ်ခုအနေနဲ့ ရွေးကောက်ပွဲပြီး ပေါ်ပေါက်လာမယ့် အစိုးရသစ်နဲ့ ပွင့်လင်းရင်းနှီးစွာ အပြုသဘောဆက်ဆံသွားမှာ ဖြစ်ပါတယ်"

အာဆီယံအဖွဲ့အစည်းရဲ့ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်နေတဲ့ ဗီယက်နမ်နိုင်ငံ တာဝန်ရှိသူကလည်း "၂၀၁၀ ခုနှစ် ရွေးကောက်ပွဲဟာ မြန်မာနိုင်ငံမှာ ဒီမိုကရေစီစနစ် ထွန်းကားဖို့အတွက် အရေးကြီးတဲ့ ပထမအဆင့်တစ်ခုဖြစ်တယ်" လို့ Mainichi သတင်းစာမှာ နိုဝင်ဘာလ ၁၀ ရက်နေ့က ဆက်လက်ဖော်ပြထားပါတယ်။

မြန်မာနိုင်ငံအကြောင်းကို ကောင်းကောင်းနားလည်ပေးနိုင်ကြတဲ့ အိမ်နီးချင်းနိုင်ငံများက ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲကို အပြုသဘောဆောင်တဲ့ ကြိုဆိုမှုတွေ ပြုနေကြတဲ့ အချိန်မှာ အမေရိကန်နဲ့ အချို့သော အီးယူ (EU) အဖွဲ့ဝင်နိုင်ငံများက ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲကို အပျက်သဘောနဲ့ ဝေဖန်နေကြတာကို တွေ့ရပါတယ်။ ထိုအပျက်သဘော ဝေဖန်မှုတွေကို ပြည်ပက မြန်မာ့အရေး စိတ်ဝင်စားသူတွေရဲ့ Website တွေက အလေးထား ဖော်ပြပေးနေတာကတော့ ဝမ်းနည်းစရာကောင်းတဲ့ အချက် တစ်ချက်ပါ။

အမေရိကန်နိုင်ငံရော၊ အီးယူ (EU) အဖွဲ့ဝင်နိုင်ငံကြီး အချို့ရော သူတို့ရဲ့ လက်ရှိနိုင်ငံရေးအဆင့် အခြေအနေကို တစ်ရက်တည်း၊ တစ်လတည်း၊ တစ်နှစ်တည်းနဲ့ ရောက်ရှိရယူလာနိုင်ခဲ့တာ မဟုတ်ပါဘူး။ အချိန်များစွာယူခဲ့ရ၊ တည်ဆောက်ခဲ့ရတယ်ဆိုတာ ကာယကံရှင်များက အသိဆုံးပါ။ ကြိုးစားနေဆဲ အဆင့်မှာရှိတဲ့ မြန်မာနိုင်ငံကို သူတို့ရဲ့လက်ရှိအခြေအနေ ပေတံကြီးနဲ့ တိုင်းမယ်ဆိုရင်တော့ တိုင်းတာတဲ့သူပဲ မှားတော့မှာပါ။

"မြန်မာသည် မြန်မာဖြစ်သည်။ မြန်မာနိုင်ငံသည် မြန်မာနိုင်ငံသားများ၏ တိုင်းပြည်ဖြစ်သည်" ဆိုတဲ့ ဆောင်ပုဒ်ကို လက်ကိုင်ထားတဲ့ ကိုယ်စားလှယ်လောင်းတိုင်းကို ပါတီမရွေး ကျွန်တော်လေးစားပါတယ်။ ထိုဆောင်ပုဒ်လေးကို ကြားရတိုင်း၊ ဖတ်ရတိုင်း ပီတိဖြစ်မိပါတယ်။

တစ်ဦးပေါ်တစ်ဦး လေးစားမှုထားပြီး အယူအဆပိုင်းနဲ့ လုပ်ဆောင်နိုင်စွမ်းပိုင်းဆိုင်ရာ ယှဉ်ပြိုင်မှုကို အစွမ်းကုန် လုပ်ဆောင်ခဲ့ကြတဲ့ ကိုယ်စားလှယ်လောင်းများနဲ့ ထိတွေ့ခွင့်ရတဲ့ အတွက်လည်း ပီတိဖြစ်မိပါတယ်။

ပြည်သူလူထုဟာ ဆန္ဒမဲထည့်ရတဲ့ အတွေ့အကြုံနည်းပေမယ့် နိုင်ငံတကာနဲ့ယှဉ်ကြည့်ရင် Free and Fair Election ဖြစ်ခဲ့တဲ့ နိုဝင်ဘာလ ၇ ရက်နေ့မှာ အားလုံးနည်းတူ မဲတစ်ပြား ပေးနိုင်ခဲ့တဲ့အတွက်လည်း ကျွန်တော်ပီတိဖြစ်မိပါတယ်။

ကျွန်တော်ရဲ့ပီတိကို မြန်မာနိုင်ငံ ပြည်တွင်း၊ ပြည်ပက မိတ်ဆွေများအားလုံးကို ဝေငှပါတယ်။ ။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၅-၁၁-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၁၀	၃။	ဓမ္မပူဇာတေး
၇း၁၅	၄။	မျိုးချစ်တပ်မတော်
၇း၄၀	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၄၅	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေး တေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀	၁၀။	အမျိုးသားရေး တေးကဗျာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၄၀	၄။	အမျိုးသားရေး တေးကဗျာ
၄း၄၅	၅။	မွေးမြူသုတ
၄း၅၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၄း၅၅	၇။	သီဆိုဖြေဖျော် တစ်ကိုယ်တော်
၅း၁၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၁၅	၉။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၁၆)**
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၅	၁၁။	အမျိုးသားရေး တေးကဗျာ
၆း၂၀	၁၂။	ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆း၄၅	၁၃။	ကာတွန်းအစီအစဉ် -ဆိုက်ကစ်ပါဝါ သူရဲကောင်းလေးများ (အပိုင်း-၂၄)
၇း၀၀	၁၄။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ကြယ်စင်ညီအစ်မများ (အပိုင်း-၂၉)**
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြား သတင်း
	၁၆။	အမျိုးသားရေး တေးကဗျာ
	၁၇။	နိုင်ငံတကာသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အနုပညာရှင်၏ တစ်နေ့တာ
	၂၀။	ကုန်သွယ်သုတ
	၂၁။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၂။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -အပြုံးပန်းလေးရဲ့ ဖန်ဆင်းရှင် (အပိုင်း-၂၉)**
	၂၃။	ဂီတရင်ခုန်သံ
	၂၄။	သင့်အတွက်မနက်ဖြန်
	၂၅။	အပိတ်နှုတ်ဆက်စကား
	၂၆။	ပြီးပါပြီ။

(၉၀) ပြည့်နှစ်မြောက် အမျိုးသားနေ့

၁၃၇၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀)ရက်
(၁-၁၂-၂၀၁၀)

(၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်များ

☆ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာရေးနှင့် အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေး၊

☆ အမျိုးသားပညာရည် မြင့်မားရေး၊

☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

☆ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေး။

ကြည့်ရှုစစ်ဆေး — **နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့် နောင်တရားမြို့ မီးသွေးချောင်း-အင်းတိန်လမ်းပိုင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

ရှမ်းပြည်နယ်(တောင်ပိုင်း) နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဒုတိယညွှန်ကြားရေးမှူးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၄

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်သည် နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် မိတ္ထီလာသိုလှောင်ရုံသို့ ရောက်ရှိပြီး ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြုလုပ်ငန်းများဖြစ်သော ဓာတ်အားခွဲရုံ တည်ဆောက်၍ လျှပ်စစ်လိုင်းသွယ်တန်းခြင်းလုပ်ငန်း၊ ရေပေးရေးစနစ်ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများနှင့် သိုလှောင်ရုံရှိ ယာဉ်/ယန္တရားများကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ်သည် နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် တောင်ကြီးမြို့ရှိ ပြည်နယ်/ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၌ ဝန်ထမ်းများနှင့် လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသများတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြသော နိုင်ငံတကာအဖွဲ့အစည်းများနှင့် လည်းကောင်း တွေ့ဆုံပြီး ညောင်ရွှေမြို့နယ် တောင်ပို့ကြီးကျေးရွာရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ်သည် နိုဝင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် တောင်ကြီးမြို့နယ် သံတဲကျေးရွာ၌ ဆောက်လုပ်ပြီးစီးခဲ့သည့် သံတဲအခြေခံပညာအထက်တန်းကျောင်း (ခွဲ) ကျောင်းဆောင်သစ်နှင့် ပင်းတယမြို့ရှိ စိုက်ပျိုးမွေးမြူရေး သင်တန်းကျောင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ်သည် နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် ကလောမြို့မှတစ်ဆင့် နောင်တရားမြို့ မီးသွေးချောင်း-အင်းတိန်လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးအဖွဲ့ခွဲရုံး (နောင်တရား)၌ ဝန်ထမ်းများနှင့်တွေ့ဆုံကာ ပင်လောင်းမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ညှိနှိုင်းဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ရွှေညောင်မြို့ အမှတ်(၂၃) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်နှင့် နောင်ကားကျေးရွာ အမှတ်(၃) မူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ်သည် နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် တောင်ကြီးမြို့နယ် နောင်ကားကျေးရွာရှိ ကျေးလက်ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်းနှင့် နောင်စင်းကျေးရွာရှိ နည်းညွှန်စံပြ ဥယျာဉ်ကျေးရွာတို့ကို ကြည့်ရှုစစ်ဆေး၍ ကျောက်တလုံးမြို့ ဖွံ့ဖြိုးမှု ကြီးကြပ်ရေးအဖွဲ့ခွဲရုံး (ကျောက်တလုံး)ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကေတုမတီ (တောင်ငူ) မြို့တည်နန်းတည် နှစ်(၅၀၀)ပြည့် အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၄

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့က ကြီးမှူး၍ International Beverages Trading Co.,Ltd. (IBTC) က အဓိကကူညီပံ့ပိုးသော ကေတုမတီ (တောင်ငူ) မြို့တည်နန်းတည် နှစ်(၅၀၀)ပြည့် အထိမ်းအမှတ်ဂေါက်သီးရိုက်ပြိုင်ပွဲကို ဒီဇင်ဘာ ၂ ရက်မှ ၅ ရက်အထိ ကေတုမတီမြို့သစ် (တောင်ငူ)မြို့ရှိ Southern Star Golf Course ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် Professional (မြန်မာပီဂျီအေ)အဆင့်နှင့် အပျော်တမ်းအဆင့် (Handicap 0-12) အဆင့်ရှိသူများ ပါဝင်ယှဉ်ပြိုင်ခွင့် ပြုမည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို စိန့်အင်ဒရူးဥပဒေသနှင့် ဒေသန္တရစည်းမျဉ်းအတိုင်းကျင်းပမည်ဖြစ်ပြီး Hole In One ဆုရရှိကြသူများအား ဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက်အားကစားသမားများသည် နိုဝင်ဘာ ၃၀ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ ဖုန်း-၀၉-၂၀၃၇၆၇၁၊၀၉-၅၁၇၇၉၅၆ နှင့် Southern Star Golf Course တို့တွင် အမည်စာရင်း ပေးသွင်းနိုင်ကြသည်။

အဆိုပါပြိုင်ပွဲကို Main Sponsor အဖြစ် International Beverages Trading Co., Ltd.(IBTC) က အဓိကပံ့ပိုးကူညီပြီး Co-Sponsors များအဖြစ် Grand Royal Premium Drinking Water, Srixonနှင့် Southern Star Golf Course တို့က ထပ်မံပံ့ပိုးကူညီကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ပုဂ္ဂလိကလုပ်ငန်းရှင်များအသင်း တတိယ (၃)နှစ်သက်တမ်း အလုပ်အမှုဆောင်သစ်များ ရွေးချယ်မည်

ရန်ကုန် နိုဝင်ဘာ ၂၄

မြန်မာနိုင်ငံ ပုဂ္ဂလိကလုပ်ငန်းရှင်များအသင်း၏ ၂၀၁၁-၂၀၁၃ တတိယ (၃)နှစ်သက်တမ်း အလုပ်အမှုဆောင်သစ်များရွေးချယ်တင်မြှောက်ပွဲနှင့် စတုတ္ထအကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို ဒီဇင်ဘာလအတွင်း ကျင်းပမည်ဖြစ်ရာ အလုပ်အမှုဆောင်အဖြစ် တာဝန်ထမ်းဆောင်လိုသူ အသင်းသားများသည် ဒီဇင်ဘာ ၃ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ အသင်းရုံးတည်ရှိရာ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဘုရင့်နောင်လမ်းနှင့် ဆေးဝါးစက်ရုံလမ်းထောင့် အနောက်ကြို့ကုန်း အင်းစိန်မြို့နယ် ရန်ကုန်တိုင်းဒေသကြီးသို့ အဆိုပြုလွှာများ တင်သွင်းကြပါရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

အာဖဂန်နစ္စတန်ဆိုင်ရာ အမေရိကန်၏မဟာဗျူဟာ အောင်မြင်မှုမရနိုင်ဟု ဆော်ဒီမင်းသားဝေဖန်

ရီယာ့ဒ် နိုဝင်ဘာ ၂၄ - အာဖဂန်နစ္စတန်နိုင်ငံတွင် အမေရိကန်ကျင့်သုံးနေသော စစ်ရေးမဟာဗျူဟာသည် လွဲချော်လျက်ရှိပြီး အောင်မြင်မှုမရနိုင်ကြောင်း၊ အမေရိကန်ဦးဆောင်သော တပ်ဖွဲ့သည် အယ်လ်ခိုင်ဒါအဖွဲ့ကို ပစ်မှတ်ထားကာ ချေမှုန်းရမည့်အစား တာလီဘန်အဖွဲ့ကို ပစ်မှတ်ထားနေခြင်းမှာ မှားယွင်းကြောင်း ဆော်ဒီအာရေဗျနိုင်ငံ၏ တော်ဝင်မင်းသား တာကီအယ်လ်ဖိုင်ဆယ်လ်က လူတွေ့ မေးမြန်းခန်းတစ်ရပ်တွင် ဝေဖန်ပြောကြားလိုက်သည်။

ဆော်ဒီမင်းသား ဖိုင်ဆယ်လ်သည် အစ္စရေး-ပါလက်စတိုင်းဆွေးနွေးပွဲအပေါ် မျှော်လင့်ချက်နည်းပါးနေပုံကိုလည်း ဂလိုဘယ်လ်ပို့စ်သတင်းစာ၏ လူတွေ့မေးမြန်းခန်းတွင် ထုတ်ဖော်ပြောကြားခဲ့သည်။

အစ္စရေးနှင့် ပါလက်စတိုင်းတို့၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်ပြားကာ ရဟူဒီအခြေစိုက်နေထိုင်ရာ ရပ်ကွက်များတည်ဆောက်ရေးလုပ်ငန်းကို အစ္စရေးနိုင်ငံက ဆက်လက်အကောင်အထည်ဖော်မည်ဆိုပါက ကုလသမဂ္ဂက ပါလက်စတိုင်းနိုင်ငံတော် ထူထောင်ရေး ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်လာစေရေးအတွက် ပါလက်စတိုင်းဘက်မှ မိမိထောက်ခံအားပေးမည်ဖြစ်ကြောင်း မင်းသားဖိုင်ဆယ်လ်က ပြောကြားသည်။

မင်းသားဖိုင်ဆယ်လ်သည် အမေရိကန်နိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး ဆော်ဒီနိုင်ငံခြားထောက်လှမ်းရေးဌာန အကြီးအကဲအဖြစ် ၂၅နှစ်နီးပါး တာဝန်ယူခဲ့သူဖြစ်သည်။

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်ကို အကြောင်းပြု၍ ယင်းနိုင်ငံကို စစ်ရေးအရ အရေးယူတိုက်ခိုက်မည်ဆိုပါက အရှေ့အလယ်ပိုင်းဒေသကိုရော ကမ္ဘာ့နိုင်ငံများကိုပါ ဆိုးကျိုးသက်ရောက်မှုများ အကြီးအကျယ် ပေါ်ပေါက်လာနိုင်ကြောင်း မင်းသားဖိုင်ဆယ်လ်က ပြောကြားသည်။

အင်တာနက်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် နိုဝင်ဘာ ၂၄

အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီ ဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည့်အချိန်မှစတင်ပြီး နိုဝင်ဘာ ၂၄ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူ ဦးရေမှာ ၇၀၄၃၃၈ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ ၁၂၇၄၈၆၅ ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၄၃၃၈ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၇၄၈၆၅ ဦး

အင်တာနက်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူး နိုဝင်ဘာ ၂၄

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည့် အချိန်မှစတင်ပြီး နိုဝင်ဘာ ၂၄ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၃၄၄၃ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၄၀၅၆၅ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၃၄၄၃ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အာဖဂန်ပြည်သူများ	၄၀၅၆၅ ဦး

အင်တာနက်။

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာပြည်နယ် ပန်ဂျေဝီခရိုင်အတွင်း ကင်းလှည့်တာဝန်ထမ်းဆောင်စဉ် လက်လုပ်ဗုံး ထောက်လှမ်းရှာဖွေနေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို နိုဝင်ဘာ ၂၃ ရက်က တွေ့ရစဉ်။

ရှုပ်ထွေး၍ ပရိယာယ်ကြွယ်သော သောင်းကျန်းမှုနည်းဗျူဟာများ အာဖဂန်စစ်မြေပြင်၌ ပြည်ပတပ်ဖွဲ့များ ရင်ဆိုင်နေရ

ဝါရှင်တန် နိုဝင်ဘာ ၂၄

ယခုနှစ် ဧပြီလအတွင်းမှစ၍ အာဖဂန်နစ္စတန်နိုင်ငံ၌ အကြမ်းဖက်တိုက်ခိုက်မှုများသည် လျော့ပါးလာသည့်လက္ခဏာမပြဘဲ ပိုမိုတိုးမြင့်ဖြစ်ပွားလျက်ရှိကြောင်း အမေရိကန်စစ်ဘက်က နိုဝင်ဘာ ၂၃ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

အာဖဂန်စစ်မြေပြင်ရှိ အမေရိကန်အပါအဝင် နိုင်ငံခြားတပ်ဖွဲ့များသည် နိုင်ငံနှင့်အဝန်း လွှမ်းခြုံဖြစ်ပွားလျက်ရှိသော ပိုမိုရှုပ်ထွေး၍ နည်းပရိယာယ်ကြွယ်ဝလာသည့် အကြမ်းဖက်တိုက်ခိုက်မှုများကို ရင်ဆိုင်ဖြေရှင်းနေကြရကြောင်း အမေရိကန်စစ်ဘက်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပြည်ပတပ်ဖွဲ့ဝင်များ ဝင်ရောက်ခဲ့ပြီး ကိုးနှစ်အလွန် ယခုနှစ် ဧပြီလမှ စက်တင်ဘာလ လကုန်ပိုင်းထိ အာဖဂန်နစ္စတန်နိုင်ငံတွင် အကြမ်းဖက်တိုက်ခိုက်မှုများသည် ပုံစံအမျိုးမျိုးဖြင့် တိုးမြင့်ဖြစ်ပွားလျက်ရှိကြောင်း အမေရိကန် ပင်တဂွန်စစ်ဌာနချုပ်က ဆိုသည်။

လမ်းဘေးဗုံးခွဲတိုက်ခိုက်မှုမှတစ်ပါး ကျန်အကြမ်းဖက်တိုက်ခိုက်မှုပုံစံများသည် ၂၀၀၇ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၁၀ ခုနှစ်တွင် ၃၀၀ ရာခိုင်နှုန်းအထိ မြင့်တက်လာကြောင်း ပင်တဂွန်ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပြီးခဲ့သော သီတင်းပတ်ခြောက်ပတ်ခန့်မှစ၍ အာဖဂန်နစ္စတန်နိုင်ငံအတွင်းရှိ အချို့ဒေသများတွင် လုံခြုံရေးအရ တပ်ဖွဲ့ဝင်အရေအတွက် ပိုမိုတိုးမြင့်ချထားခဲ့ရပြီး တာလီဘန်တို့၏ အကြမ်းဖက်တိုက်ခိုက်မှုများ မြို့တော်ကြီးများနှင့် မြို့များ၌ ဖြစ်ပွားခြင်းမရှိစေရန် ကာကွယ်နေရကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

အမ်အင်အေ၊ ရိုက်တာ။

အီရတ်တွင် ဖြစ်ပွားသော အကြမ်းဖက်မှုများကြောင့် ယခုနှစ်အတွင်း ခြောက်ဦးမြောက် သတင်းသမားသေဆုံး

ဘဂ္ဂဒက် နိုဝင်ဘာ ၂၄ - အီရတ်နိုင်ငံ မိုဆူးလ်မြို့၌ လက်နက်ကိုင်လူတစ်စု၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် လူငယ်သတင်းသမားတစ်ဦး နိုဝင်ဘာ ၂၁ ရက်က သေဆုံးခဲ့ကြောင်း အီရတ်ပြည်ထဲရေးဝန်ကြီးဌာန၏ အဆိုအရ သိရသည်။

သေဆုံးသူ အသက် (၁၈)နှစ်အရွယ် လူငယ်သတင်းသမား မာဇန်အယ်လ်ဘက်ဒ်ဒါဒီသည် မိုဆူးလ်မြို့ အခြေစိုက် အယ်လ်မိုစီလီယာ ရုပ်သံဌာနတွင် ရုပ်သံအစီအစဉ်တင်ဆက်သူအဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်သည်။

ယခုနှစ်အတွင်း အီရတ်နိုင်ငံ၌ အကြမ်းဖက်မှုများကြောင့် သေဆုံးခဲ့ရသော သတင်းသမားအရေအတွက်သည် ဘက်ဒ်ဒါဒီအပါအဝင် ခြောက်ဦးအထိ ရှိပြီဖြစ်ကြောင်း သတင်းများတွင်ဖော်ပြသည်။

ဘက်ဒ်ဒါဒီကို ၎င်း၏ နေအိမ်၌ မိဘများရှေ့မှာပင် လက်နက်ကိုင်များက ပစ်ခတ်သတ်ဖြတ်ခဲ့သည်ဟုဆိုသည်။

အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များ အီရတ်နိုင်ငံကို ကျူးကျော်ဝင်ရောက်ခဲ့သည့် ၂၀၀၃ ခုနှစ် မတ်လမှစ၍ ယနေ့အထိ အီရတ်နိုင်ငံ၌ သတင်းစာဆရာ ၂၃၀ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် သေဆုံးခဲ့ရပြီး သေဆုံးမှု ၉၉ ရာခိုင်နှုန်းမှာ လက်သည်ဖော်၍ မရခဲ့ကြောင်း နယ်စည်းမခြား သတင်းထောက်များအဖွဲ့က ပြောကြားသည်။

အင်တာနက်။

နယူးဇီလန်မိုင်းတွင်း ဒုတိယအကြိမ်ပေါက်ကွဲ ပိတ်မိနေသူများ အသက်ရှင်ရန် အခွင့်အလမ်းမရှိ

ဂရေးမောက်လ် နိုဝင်ဘာ ၂၄

နယူးဇီလန်နိုင်ငံ၌ နိုဝင်ဘာ ၁၉ ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့သော ပိုက်ရေးဗား မိုင်းတွင်းသည် နိုဝင်ဘာ ၂၄ ရက်က ဒုတိယအကြိမ် ထပ်မံပေါက်ကွဲခဲ့ရာ မိုင်းတွင်းမြေအောက်၌ ပိတ်မိနေသော မိုင်းလုပ်သား ၂၉ ဦးတို့ သေဆုံးခဲ့ပြီဟု ယုံကြည်ရကြောင်း နယူးဇီလန်ရဲတပ်ဖွဲ့က ပြောကြားသည်။

ပိုက်ရေးဗားမိုင်းတွင်းသည် ပထမအကြိမ် ပေါက်ကွဲမှုဖြစ်ပွားပြီး ငါးရက်မျှ အကြာတွင် ထပ်မံ ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ ပထမအကြိမ် ပေါက်ကွဲမှုဖြစ်ပွားပြီးကတည်းက ပေါက်ကွဲမှုဖြစ်စေနိုင်သော မီသိန်းဓာတ်ငွေ့များ ကျောက်မီးသွေးအတွင်း ထွက်ပေါ်ပျံ့နှံ့ခဲ့ရာ ပိတ်မိနေသူများကို ကယ်တင်ရန် အခွင့်မသာခဲ့ပေ။

ဗုဒ္ဓဟူးနေ့က ဖြစ်ပွားသော ဒုတိယအကြိမ် ပေါက်ကွဲမှုကြောင့် မိုင်းတွင်းမြေအောက်၌ ပိတ်မိနေသူများသည် အသက်ရှင်ရန် အခွင့်အလမ်းရှိလိမ့်မည်မဟုတ်ဟု ယုံကြည်ရကြောင်း နယူးဇီလန်ရဲတပ်ဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

ရိုးရာပွဲတော် လူအုပ်ပြိုမှု ကြိုးဆိုင်းတံတားလှုပ်ယမ်းရာမှ အစပြုကြောင်း စစ်ဆေးတွေ့ရှိ

ဖနောင်ပင် နိုဝင်ဘာ ၂၄

မိုးရာသီကုန်ဆုံးမှုပွဲတော်လာလူအုပ်ကြီးသည် နိုဝင်ဘာ ၂၂ရက်က ဖနောင်ပင်မြစ်ကူးတံတားတစ်စင်းပေါ်တွင် ကြောက်လန့်တကြား စုပြုံတိုးဝှေ့ကြရာမှ လူရာပေါင်းများစွာ သေဆုံးခဲ့ရခြင်းနှင့် ပတ်သက်၍ ကမ္ဘောဒီးယားအစိုးရက စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်ခဲ့ကြောင်း ယနေ့သတင်းများတွင်ဖော်ပြသည်။

ကမ္ဘောဒီးယားအစိုးရ အဆင့်မြင့်ကော်မတီတစ်ရပ်၏ စုံစမ်းစစ်ဆေးမှုများအရ ပွဲတော်ကျင်းပရာ မြစ်လယ်ကျွန်းနှင့် ဖနောင်ပင်မြို့ကိုဆက်သွယ်ထားသော တံတားလှုပ်ယမ်းရာမှအစပြု၍ အဆိုပါဖြစ်ရပ်ဆိုး ပေါ်ပေါက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လှုပ်ယမ်းတတ်သော ကြိုးဆိုင်းတံတားများ၏ သဘောသဘာဝကို မသိနားမလည်သည့် တောသူတောင်သားများ အထိတ်တလန့်ဖြစ်ကာ အလဲလဲအပြိုပြိုဖြစ်ရာမှ စတင်၍ ကျဉ်းမြောင်းသောတံတားပေါ်တွင် လူအုပ်ကြီးစုပြုံတိုးဝှေ့မှု ပေါ်ပေါက်ခဲ့ကြောင်း ကော်မတီ၏အဆိုကို ကိုးကား၍ ကမ္ဘောဒီးယား သတင်းဌာနများက ဖော်ပြသည်။

ကမ္ဘောဒီးယားအာဏာပိုင်များ၏ တရားဝင်ထုတ်ပြန်ချက်တွင် အဆိုပါဖြစ်ရပ်ဆိုးကြောင့် လူပေါင်း ၃၇၈ဦးသေဆုံးခဲ့ပြီး အနည်းဆုံး ၇၅၅ဦး ဒဏ်ရာရခဲ့ကြောင်း ဖော်ပြသည်။ သို့ရာတွင် နောက်ဆုံးထွက်ပေါ်လာသော သတင်းများအရ သေဆုံးသူ ၄၅၆ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

စုံစမ်းစစ်ဆေးမှုများနှင့်ကိုယ်တွေ့ကြုံသူများ၏ ထွက်ဆိုချက်ကို အခြေပြု၍ လူအုပ်ပြိုခြင်း၏ အကြောင်းရင်းကို စုံစမ်းစစ်ဆေးရေးကော်မတီက သုံးသပ်ဖော်ထုတ်ခဲ့ခြင်းဖြစ်သည်။ **အေပီ။**

ပစ်ပြီး မောင်းပြေးတိုက်ခိုက်မှုများနှင့် လမ်းဘေးဗုံးပေါက်ကွဲမှုများ အီရတ်နိုင်ငံ၌ ဖြစ်ပွား

ဘဂ္ဂဒက် နိုဝင်ဘာ ၂၄ - အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်၌ သီးခြားစီ ဖြစ်ပွားခဲ့သော မော်တော်ယာဉ်ပေါ်မှ လက်နက်ငယ်ဖြင့် ပစ်ခတ်မှုများကြောင့် အီရတ်အစိုးရ ဝန်ထမ်းသုံးဦးနှင့် လမ်းသွားလမ်းလာတစ်ဦး သေဆုံးခဲ့ကြောင်း အီရတ်ရဲတပ်ဖွဲ့တာဝန်ရှိသူများက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

အဆိုးရွားဆုံး တိုက်ခိုက်မှုမှာ ဘဂ္ဂဒက်မြို့အနောက်ဘက် ဆွန်နီအုပ်စုဝင် အများစုနေထိုင်ရာ ရပ်ကွက်၌ နိုဝင်ဘာ ၂၃ ရက်က ဖြစ်ပွားခဲ့ပြီး ခွဲစိတ်ဆရာဝန်တစ်ဦးနှင့် ဘဂ္ဂဒက် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အင်ဂျင်နီယာတစ်ဦး သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ဘဂ္ဂဒက်မြို့ အရှေ့မြောက်ဘက်တွင် ဖြစ်ပွားသော မော်တော်ယာဉ်အသုံးပြု၍ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ပညာရေးဝန်ကြီးဌာနမှ ပါမောက္ခတစ်ဦး သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့နှင့် ဆေးရုံက အတည်ပြုသည်။

အလားတူ အီရတ်နိုင်ငံ အရှေ့မြောက်ပိုင်းရှိ ကာကွတ်မြို့၌လည်း အလားတူ တိုက်ခိုက်မှုတစ်ရပ်ကြောင့် လမ်းသွားလမ်းလာတစ်ဦးသေဆုံးခဲ့ကြောင်း အီရတ်တပ်ဖွဲ့က ပြောကြားသည်။

ယင်းအပြင် အီရတ်နိုင်ငံမြောက်ပိုင်းရှိ အယ်လ်ခိုင်ဒါဆန့်ကျင်ရေး ပြည်သူ့စစ်အုပ်စုတစ်စုက စောင့်ကြပ်နေသော လုံခြုံမှုစစ်ဆေးရေး စခန်းတစ်ခုအနီးတွင် လမ်းဘေးဗုံးပေါက်ကွဲမှုနှစ်ရပ် ဗုဒ္ဓဟူးနေ့က ဖြစ်ပွားခဲ့ရာ သုံးဦးသေဆုံးပြီး ၂၂ ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ပေါက်ကွဲမှုများသည် ဘဂ္ဂဒက်မြို့မြောက်ပိုင်း ရှာရ်ကက်မြို့၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ပထမပေါက်ကွဲမှုကြောင့် လူသုံးဦးသေဆုံးခဲ့ရသည်။ အခင်းဖြစ်ပွားရာ၌ ဝိုင်းအုံကြည့်ရှုနေသော လူအုပ်ကြီးကို ရဲတပ်ဖွဲ့က လူစုခွဲရန်ကြိုးစားစဉ် ဒုတိယဗုံးပေါက်ကွဲခဲ့ရာ ၂၂ ဦး ဒဏ်ရာရရှိခဲ့သည်။

အီရတ်နိုင်ငံတစ်ဝန်း အကြမ်းဖက်မှုများ ကျဆင်းလာသည့် လက္ခဏာပြသော်လည်း တိုက်ခိုက်မှုများနှင့် ဗုံးခွဲမှုများ နေ့စဉ်ဖြစ်ပွားဆဲဖြစ်သည်။

ဝါရှင်တန်ပို့စ်။

နိုင်ငံတကာအားကစား

အာဆင်နယ် ရှုံးပွဲကြုံပြီး ကျန်အသင်းကြီးများအားလုံး နိုင်ပွဲရခဲ့သည့် ချန်ပီယံလိဂ် အုပ်စုပွဲစဉ်(၅) ပထမနေ့ပွဲစဉ်များ

လန်ဒန် နိုဝင်ဘာ ၂၄

ချန်ပီယံလိဂ် အုပ်စုပွဲစဉ်(၅) ပထမနေ့ပွဲစဉ်များကို ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းက ကျင်းပခဲ့ရာ အာဆင်နယ်အသင်း ရှုံးပွဲကြုံခဲ့ပြီး ကျန်အသင်းကြီးများအားလုံး နိုင်ပွဲအသီးသီးရရှိခဲ့သည်။

ချယ်လ်ဆီး ၂-၁ ဇီလီနာ

အုပ်စု(F)တွင် ပါဝင်နေသည့် ချယ်လ်ဆီးနှင့် ဇီလီနာတို့ပွဲတွင် အိမ်ရှင် ချယ်လ်ဆီးက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ချယ်လ်ဆီးအတွက် ဂိုးများကို ပွဲချိန် ၅၁ မိနစ်တွင် စတာရက်ချ်နှင့် ပွဲချိန် ၈၆ မိနစ်တွင် ကွင်းလယ်ကစားသမား မာလူဒါတို့က သွင်းယူပေးခဲ့သည်။ ဧည့်သည် ဇီလီနာအတွက် တစ်လုံးတည်းသောဂိုးကို ပွဲချိန် ၁၉ မိနစ်တွင် ဘယ်လိုက သွင်းယူခဲ့သည်။ ချယ်လ်ဆီးအသင်းသည် ယခုပွဲအနိုင်ရရှိခြင်းကြောင့် အုပ်စုပွဲပြီးဆုံးရန် တစ်ပွဲလိုနေသေးသော်လည်း ရမှတ် ၁၅ မှတ်ရရှိကာ အုပ်စုပထမဖြင့် ရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီဖြစ်ကာ မာဆေးလ်မှာလည်း ရမှတ် ကိုးမှတ်ဖြင့် အုပ်စုဒုတိယရကာ နောက်တစ်ဆင့်တက်နိုင်ခဲ့ပြီဖြစ်သည်။ နောက်ထပ်တစ်ပွဲစီ ကစားရန် ကျန်နေသော်လည်း တတိယနေရာမှ စပါးတပ်မော်စကိုမှာ ယူရိုပါလိဂ်ဝင်ခွင့်ရမည်ဖြစ်ပြီး ဇီလီနာမှာ အုပ်စုမှ လှည့်ပြန်ရမည်ဖြစ်သည်။

အိုင်းယက်စ် ၀-၄ ရီးယဲလ်မက်ဒရစ်

အုပ်စု(G)မှ အိုင်းယက်စ်နှင့် ရီးယဲလ်မက်ဒရစ်တို့ပွဲတွင် ဧည့်သည်ရီးယဲလ်မက်ဒရစ်အသင်းက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ရီးယဲလ်မက်ဒရစ်အသင်းတွင် အလွန်ဆို၊ ဘန်ဇီမာ၊ အိုဇေးလ်၊ ပက်ဒရို၊ စီရော်နယ်လ်ဒိုတို့ဖြင့် လူစုံခဲ့ကာ ရီးယဲလ်မက်ဒရစ်အတွက် ဂိုးများကို ပွဲချိန် ၃၆မိနစ်တွင် ဘန်ဇီမာ၊ ၄၄ မိနစ်တွင် အဘီလိုအာ၊ မိနစ် ၇၀နှင့် ၈၁ မိနစ်(ပယ်နယ်တီ)တို့တွင် စီရော်နယ်လ်ဒိုတို့က သွင်းယူပေးခဲ့သည်။ ယခုပွဲတွင် ရီးယဲလ်မက်ဒရစ်မှ အလွန်ဆိုနှင့် ရာမို့စ်တို့ အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရသည်။ ရီးယဲလ်မက်ဒရစ်အသင်းမှာ ယခုပွဲအနိုင်ရရှိခြင်းကြောင့် ပြိုင်ပွဲမပြီးဆုံးမီပင် ရမှတ် ၁၃ မှတ်ဖြင့် အုပ်စုဗိုလ်ရကာ ရှုံးထွက်အဆင့်သို့ တက်နိုင်ခဲ့ပြီဖြစ်သည်။ အလားတူ အေစီမီလန်မှာလည်း ရှစ်မှတ်ဖြင့် အုပ်စုဒုတိယနေရာဖြင့် နောက်တစ်ဆင့်တက်သွားပြီဖြစ်သည်။ အိုင်းယက်စ်နှင့် အော်ဇေးတို့မှာ လက်ကျန်ပွဲကို အနိုင်ရပါသော်လည်း အုပ်စုအဆင့်ဖြင့်သာ ကျေနပ်ရတော့မည်ဖြစ်သည်။

ချေပ ဂိုး သွင်း

ချယ်လ်ဆီးအတွက် ချေပဂိုးကို စတာရက်ချ် သွင်းယူစဉ်။

ဘရာဂါ ၂-၀ အာဆင်နယ်

အုပ်စု(H)မှ ဘရာဂါနှင့် အာဆင်နယ်တို့ပွဲတွင် ဘရာဂါက မက်သရူး၏ သွင်းဂိုးနှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ယခုပွဲကို ရှုံးနိမ့်ခဲ့သည့် အာဆင်နယ်မှာ ရှက်တာဒိုးနက်နှင့် သုံးမှတ်အကွာ ဒုတိယနေရာတွင် ရပ်တည်နေပြီး တတိယနေရာမှ ဘရာဂါနှင့် ရမှတ်တူနေ၍ နောက်တစ်ဆင့်တက်ရေး လက်ကျန်ပွဲကို မဖြစ်မနေ အနိုင်ကစားရတော့မည်ဖြစ်သည်။

အုပ်စု(E)တွင် ဘိုင်ယန်မြူးနစ်မှာ နောက်တစ်ဆင့်တက်နိုင်ခဲ့ပြီး ရိုးမားနှင့် ဘေဆယ်တို့မှာ နောက်တစ်ဆင့်တက်ရေး ရုန်းကန်ရဦးမည်ဖြစ်သည်။

အခြားပွဲစဉ်ရလဒ်များ

အော်ဇေး	၀-၂	အေစီမီလန်
ဘေဆယ်	၁-၀	ကလုဂျ်
ပါတီဇန်	၀-၃	ရှက်တာဒိုးနက်
ရိုးမား	၃-၂	ဘိုင်ယန်မြူးနစ်
စပါးတပ်မော်စကို	၀-၃	မာဆေးလ်

အင်တာနက်။

ဝိန်းရွန်နေး မန်ယူတွင် ကာလကြာရှည်စွာ ကစားလို

မန်ချက်စတာ နိုဝင်ဘာ ၂၄

မန်ယူအသင်း၏ တိုက်စစ်မှူး ဝိန်းရွန်နေးက မိမိအနေဖြင့် လက်ရှိကလပ်ဖြစ်သည့် မန်ယူတွင်သာ ကာလကြာရှည်စွာ ကစားလိုကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

အသက်(၂၅)နှစ်ထဲသို့ ချင်းနင်းဝင်ရောက်လာပြီဖြစ်သည့် ဝိန်းရွန်နေးသည် မြာပွေသည့်ကိစ္စနှင့်ပတ်သက်၍ နာမည်ပျက်ကာ ဝေဖန်မှုများနှင့် ရင်ဆိုင်ခဲ့ရသည်။ ထိုအချိန်တွင် ဝိန်းရွန်နေး၏ ကွင်းတွင်းခြေစွမ်းပိုင်းမှာလည်း သိသိသာသာ ကျဆင်းလာခဲ့ရသည်။ ယင်းကာလများတွင် ဝိန်းရွန်နေးအနေဖြင့် မန်ယူအသင်းမှထွက်ခွာပြီး စပိန်လာလီဂါထိပ်သီးကလပ် ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့တော့မည်ဟု ရေပန်းစားခဲ့သေးသည်။ သို့သော် ဝိန်းရွန်နေးသည် ယင်းဝေဖန်ထင်မြင်ချက်များကို ဆန့်ကျင်ကာ ပြီးခဲ့သည့် အောက်တိုဘာလက မန်ယူအသင်းနှင့် နောက်ထပ် ငါးနှစ်သက်တမ်းတိုးစာချုပ်တစ်ရပ် ချုပ်ဆိုနိုင်ခဲ့သည်။

ယခုအချိန်တွင် ဝိန်းရွန်နေးမှာ ဒဏ်ရာပြဿနာများကင်းရှင်း၍ အသင်းနှင့်အတူ ပွဲထွက်ကစားနေပြီဖြစ်သည်။ ၎င်းက "ကျွန်တော်ဒီအသင်းမှာ အမြဲတမ်းရှိနေချင်ပါတယ်" ဟု MUTV သို့ ပြောကြားသည်။ ၎င်းက ဆက်လက်၍ "ကျွန်တော့်အနေနဲ့ ဂစ်၊ ဂယ်ရီနဗီးလ်နဲ့ ပေါလ်စခိုးတို့လို အနာဂတ်လူငယ်တွေကို တွဲခေါ်၊ ပညာပေးနိုင်တဲ့ ရှေ့ဆောင်ကစားသမားကောင်းတစ်ယောက် ဖြစ်ချင်ပါတယ်။ ကျွန်တော်ဟာ မန်ယူမှာ ဂိုးပေါက်ပျောက်ပြီး ခက်ခဲတဲ့ကာလကို ရင်ဆိုင်ခဲ့ရပေမယ့် ခုချိန်မှာ အသင်းအတွက် အကောင်းဆုံး ခြေစွမ်းတွေပြပြီး ပြန်လည်ပေးဆပ်နိုင်ဖို့ ကြိုးစားနေပါတယ်။ မန်ယူနဲ့ စာချုပ်သက်တမ်း တိုးခဲ့တယ်ဆိုတာကလည်း အသင်းမှာ ရေရှည်ကစားလိုတဲ့ ရည်ရွယ်ချက်ရှိလို့ပါ" ဟု ထပ်မံပြောခဲ့သည်။

အင်တာနက်။

မန်ယူတွင် ကာလကြာရှည်စွာ ကစားလိုသည့် ဝိန်းရွန်နေး။

၂၀၁၈ ကမ္ဘာ့ဖလား အင်္ဂလန်နိုင်ငံ အိမ်ရှင်ဖြစ်ရေး ဒေးဗစ်ဒန်းအစွမ်းကုန် ကြိုးပမ်းနေ

လန်ဒန် နိုဝင်ဘာ ၂၄

အင်္ဂလန်နိုင်ငံသည် ၂၀၁၈ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိရေးအတွက် ရုရှား၊ စပိန်-ပေါ်တူဂီ၊ နယ်သာလန်-ဘယ်လ်ဂျီယံတို့နှင့်အပြိုင် ကြိုးပမ်းနေရာတွင် ယင်းကြိုးပမ်းမှု၏ အပြည်ပြည်ဆိုင်ရာ ဥက္ကဋ္ဌဖြစ်သူ ဒေးဗစ်ဒန်းမှာ အဓိကကြိုးပမ်းပေးနေသူဖြစ်သည်။

တောင်းဆို

ကမ္ဘာ့ဖလားအိမ်ရှင်မဲပေးခွင့်ရ ဖီဖာအဖွဲ့ဝင်များနှင့် အင်္ဂလန်မီဒီယာများ၏ အဆင်မပြေမှုများက အင်္ဂလန်နိုင်ငံ၏ ၂၀၁၈ ကမ္ဘာ့ဖလားအိမ်ရှင်ဖြစ်ရေးကို တစ်စုံတစ်ရာရိုက်ခတ်နိုင်ခြင်းကြောင့် အင်္ဂလန်နိုင်ငံအနေဖြင့် မိမိ၏နောက်တွင် အပြည့်အဝ ရပ်တည်ပေးပါရန် ဒေးဗစ်ဒန်းက တောင်းဆိုထားသည်။ ၎င်းက မိမိတို့အနေဖြင့် အောင်မြင်မှုလမ်းကြောင်းပေါ်တွင် ရောက်ရှိနေပြီး ရလဒ်ကောင်းတွေ ပေါ်ထွက်လာလိမ့်မည်ဟုလည်း ယုံကြည်နေသည်။

အင်္ဂလန်နိုင်ငံ ၂၀၁၈ ကမ္ဘာ့ဖလားအိမ်ရှင်ဖြစ်ရေး ကြိုးပမ်းမှုအဖွဲ့မှ တာဝန်ရှိသူအချို့သည်လည်း ကမ္ဘာ့ဖလား အိမ်ရှင် မဲပေးခွင့်ရှိသည့် ဖီဖာအမှုဆောင်အရာရှိ ၂၂ ဦး အနက်မှ အာရှမှ အမှုဆောင်အရာရှိ လေးဦးကို မဲဆွယ်နိုင်ရန် အာရှသို့ လာရောက်ကြမည်ဖြစ်သည်။

ထွက်ခွာ

ဒေးဗစ်ဒန်းသည် ဖီဖာဥက္ကဋ္ဌဆက်ဘလတ္တာ၊ ဘရာဇီးမှ ဖီဖာအဖွဲ့ဝင် ရီကာဒိုတို့နှင့် တွေ့ဆုံရန် ရီယိုဒီဂျနေးရိုးသို့ ထွက်ခွာသွားပြီဖြစ်သည်။ ၎င်းသည် တစ်ချိန်က အာဆင်နယ်အသင်း၏အမှုဆောင်အရာရှိနှင့် အက်ဖ်အေ၏ ဒုတိယဥက္ကဋ္ဌ တာဝန်တို့ကို ထမ်းဆောင်ခဲ့ဖူးသူဖြစ်သည်။

အင်တာနက်။

ဝင်းတင်(ကြေးမုံ)

ဘာဘာတော့ဗ်နှင့် ဝိန်းရွန်နေး ပုံမှန်ပြန်လည်တွဲကစားဖို့ ဖာဂူဆန်စီစဉ်နေ

လန်ဒန် နိုဝင်ဘာ ၂၄

မကြာသေးမီက တိုက်စစ်မှူးများကို အပြောင်းအလဲများစွာလုပ်ခဲ့မိကြောင်း မန်ယူ မန်နေဂျာ ဖာဂူဆန်က ဝန်ခံခဲ့သော်လည်း ယခုအခါ ဝိန်းရွန်နေးနှင့်အတူ ပြန်လည်တွဲကစားရန် ဘာဘာတော့ဗ်ကို ရွေးချယ်ထားသည်။

အိုးထရက်ဖို့ဒ်တွင် လူငယ်များကို ပွဲထုတ်ခဲ့ပြီး ဝီဂန်ကို နှစ်ဂိုး-ဂိုးမရှိနှင့် နိုင်ခဲ့သည့်ပွဲတွင် ဘာဘာတော့ဗ်ကို အရန်ခုံမှာပင် မတွေ့ခဲ့ရပေ။

ယင်းအတွက်ကြောင့်လည်း ရာသီအစတွင် လီဗာပူးအသင်းကို သုံးဂိုးသွင်းပြီးနောက် ခြေစွမ်းမပြနိုင်သည့် ဘူလ်ဂေးရီးယားကစားသမား ဘာဘာတော့ဗ်အတွက် ပြောင်းရွှေ့မည်ဆိုသည့် ကောလာဟလသတင်းများ ထွက်လာခဲ့ရသည်။

ဝိန်းရွန်နေးမှာ ခြေချင်းဝတ်အနာတရဖြစ်ပြီး ငါးနှစ်စာချုပ်အသစ် ချုပ်ဆိုပြီးခါစမှာပင် ပထမဆုံးအကြိမ် မန်ယူအသင်းမှာ ပွဲထွက်ကစားခဲ့သည်။ ယခုအခါ ဖာဂူဆန်က ဘာဘာတော့ဗ်နှင့် ဝိန်းရွန်နေးတို့အတွဲကို အမြန်ဆုံး ပြန်လည်တွဲကစားရန် စီစဉ်လျက်ရှိသည်။

မိမိတို့အသင်းမှာ လူငယ်ကစားသမားများ ရွေးချယ်ဖို့ရန် အများကြီးရှိကြောင်း၊ သို့သော် အကောင်းဆုံး ပြန်လည်ကစားနိုင်ရန် ဝိန်းရွန်နေးရှိနေပြီး ဘာဘာတော့ဗ်မှာလည်း ၎င်းနှင့်အတူတွဲကစားရန် အသင့်တော်ဆုံးဖြစ်ကြောင်း ဖာဂူဆန်က ပြောကြားသည်။

အင်တာနက်။

မန်ချက်စတာယူနိုက်တက် မန်နေဂျာ ဖာဂူဆန်။

ဘန်ဇီမာကို ရီးယဲလ်ဥက္ကဋ္ဌ ပီရက်ဇ် ထုတ်မရောင်းလိုဟု အေးဂျင့် ထုတ်ဖော်ပြောဆို

မက်ဒရစ် နိုဝင်ဘာ ၂၄

ရီးယဲလ်မက်ဒရစ်ဥက္ကဋ္ဌကြီး ဖလော်ရင်တီနို ပီရက်ဇ်က လာမည့် ဇန်နဝါရီမှာ အသင်း၏တိုက်စစ်မှူး ကာရင်ဘန်ဇီမာကို ရောင်းထုတ်ရန် ဆန္ဒမရှိကြောင်း အီတလီလူမျိုးနာမည်ကြီးအေးဂျင့် အန်ဇိုဘရွန်ဇက်တီက ထုတ်ဖော်ပြောကြားလိုက်သည်။

ဘရွန်ဇက်တီက ပြင်သစ်လက်ရွေးစင် ဘန်ဇီမာကို လီဗာပူး၊ စပါး အပါအဝင် အသင်းအတော်များများက စိတ်ဝင်စားနေသည်ဟုဆိုသည်။

"ဘန်ဇီမာရဲ့ အခြေအနေကိုသိရဖို့ အသင်းအတော်များများက ကျွန်တော့်ကို ဆက်သွယ်ခဲ့ကြပါတယ်။ ဒါကြောင့် မနေ့က ဖလော်ရင်တီနိုပီရက်ဇ်ကိုတွေ့ပြီး ညှိနှိုင်းမှုတွေ လုပ်မလားလို့ မေးခဲ့ပါတယ်" ဟု ၎င်းက ပြောသည်။

"ဥက္ကဋ္ဌကြီးရဲ့ အဖြေကတော့ရှင်းပါတယ်။ ရှေ့နှစ်လအတွင်းတော့ ဒီပြင်သစ်ကစားသမားလေးဟာ ရီးယဲလ်မက်ဒရစ်က ထွက်ခွာသွားဖို့မရှိပါဘူး" ဟု ဘရွန်ဇက်တီက ဆိုသည်။

အင်တာနက်။

စိုးတင့်နိုင်

လီဗာပူးမှထွက်ခွာရတော့မည့် တောင်ပံကစားသမား ရိုင်ရန်ဘာဘယ်လ်

လန်ဒန် နိုဝင်ဘာ ၂၄

လီဗာပူးနည်းပြရိုင်းဟော့ဒ်ဆန်သည် အသင်း၏ တောင်ပံကစားသမားရိုင်ရန်ဘာဘယ်လ်အားရောင်းထုတ်ရန် ဆုံးဖြတ်လိုက်ပြီဟု သတင်းတစ်ရပ်ကဆိုသည်။

အန်ဖီးလ်ကလပ်၏ အသင်းပိုင်ရှင်သစ် ပြောင်းသွားခဲ့ပြီဖြစ်သော်လည်း ဟော့ဒ်ဆန်အနေဖြင့် အသင်းအင်အားတောင့်တင်းစေရန် ငွေကြေးမည်ရွေ့မည်မျှသုံးစွဲခွင့်ရမည်ဆိုသည်မှာ ရှင်းရှင်းလင်းလင်းမသိရသေးပေ။ ၎င်းအနေဖြင့် ပိုလျှံကစားသမားများကို ရောင်းထုတ်ရန် ဖိအားပေးခံရဖွယ်ရှိပြီး ရိုင်ရန်ဘာဘယ်လ်ကတော့ အရောင်းစာရင်းတွင် ထိပ်ဆုံးမှ ရှိနေသည်။ ၂၀၀၇ ခုနှစ်မှစ၍ ပထမ ၁၁ ယောက် ကစားသမားစာရင်းတွင် ပုံမှန်ပွဲထွက်ခွင့်မရခဲ့ပေ။ ပြီးခဲ့သည့်ဘောလုံးရာသီတစ်ဝက် နောက်ပိုင်းကာလများတွင် ကောင်းမွန်စွာ ကစားနိုင်ခဲ့သောကြောင့် အရန်ကစားသမားဘဝမှ ရုန်းထွက်နိုင်ဖွယ်ရှိပုံပေါ်ခဲ့သော်လည်း ရိုင်းဟော့ဒ် ဆန်လက်ထက် ယခုရာသီတွင်တော့ ဘာဘယ်လ်တစ်ယောက် အသင်းအတွက် ငါးပွဲသာလျှင် အရန်အဖြစ်ပွဲထွက်ခဲ့ရသေးသည်။

လီဗာပူးအသင်းသည် အက်စ်တွန်ဗီလာ တောင်ပံကစားသမား ဂက်ရှ်လေယန်းအား အန်ဖီးလ်သို့ ခေါ်ယူရာတွင် ဘာဘယ်လ်အား အလိုက်ပေးလဲလှယ်ဖွယ်ရှိသည်ဟု ကောလာဟလများ ထွက်ပေါ်နေသည်။ ဗီလာနည်းပြဟူလီယာကတော့ ၎င်း၏ကစားသမား'ယန်း'အသင်းတွင် ဆက်လက်ရှိနေမည်ဟုဆိုသည်။

ဒတ်ချ်သတင်းစာတစ်စောင်၏ အဆိုအရ အက်ရှ်လေယန်းအား ခေါ်ယူရေးတွင် ဘာဘယ်လ်အား အသုံးမချနိုင်လျှင် လီဗာပူးသည် အဆိုပါ ဒတ်ချ်ကစားသမားအား ဝှိုက်ဟတ်လိန်းသို့ ခေါ်ယူရန် တော့တင်ဟမ်ဟော့စပါးအသင်းနှင့် ဆက်သွယ်လိမ့်မည်ဟုဆိုသည်။ အဘယ်ကြောင့်ဆိုသော် အစောပိုင်းကာလများက တော့တင်ဟမ်ဟော့စပါးနည်းပြ ဟယ်ရီရတ်ဒ်နက်ပ်သည် ဘာဘယ်လ်၏ အနေအထားအပေါ်တွင် စုံစမ်းမှုများပြုလုပ်ခဲ့သောကြောင့်ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
နည်းပညာ တက္ကသိုလ်/ကောလိပ်/သိပ္ပံများ၏
၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ကျောင်းဖွင့်ရက် ကြေညာခြင်း

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ နည်းပညာ တက္ကသိုလ်များနှင့် အစိုးရနည်းပညာကောလိပ်/သိပ္ပံများတွင် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် သင်တန်းများအားလုံးကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ဖွင့်လှစ်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်-

ကျောင်းစတင်ဖွင့်မည့်ရက်	-	၂၀၁၀ ခုနှစ် ဒီဇင်ဘာလ ၆ ရက် (တနင်္လာနေ့)
ကျောင်းအပ်ရန်စတင် လက်ခံမည့်ရက်	-	၂၀၁၀ ခုနှစ် နိုဝင်ဘာလ ၂၄ ရက် (ဗုဒ္ဓဟူးနေ့)
ကျောင်းအပ်နောက်ဆုံး လက်ခံမည့်ရက်	-	၂၀၁၀ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက် (သောကြာနေ့)

ကျောင်းအပ်လက်ခံသည့်ရက်ထက် နောက်ကျ၍ လာရောက်အပ်နှံသော ကျောင်းသားများအား လုံးဝ (လုံးဝ) လက်ခံမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အသေးစိတ်သိလိုပါက သက်ဆိုင်ရာနည်းပညာ တက္ကသိုလ်/ကောလိပ်/သိပ္ပံများရှိ ကျောင်းသားရေးရာဌာနများ၌ စုံစမ်းမေးမြန်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

စကားပြောသင်တန်းများ
EPS TOPIK
EVER TOP

SONG
TAEYANG GROUP
EPS-KLT,TOPIK,Dip;&B.A(Korean)
English 4 skills, Speaking, Grammar, Reading,Writing
Basic English Speaking - 6/12/2010

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရွှေဘိုခရိုင် နယ်တရားမရုံး၌
၂၀၁၀ ခုနှစ်၊ တရားမကြီးအမှုအမှတ်-၄၀

မသီတာဦး	နှင့်	အောင်နိုင်စိုးပါ ၃ ဦး
တရားလို		**တရားခံ**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ထန်ဖဲရပ်ကွက်၊ မောင်အောင်နိုင်စိုး တ/ဆ မောင်နိုင်မိုး-မဂျာမိုင် သိစေရမည်။

မောင်အောင်နိုင်စိုး သင့်အပေါ်၌ မသီတာဦးက ဘဝနစ်နာကြေးငွေကျပ်သိန်း (၄၀)ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၀ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် (၁၃၇၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်၉ရက်) မွန်းမတည့်မီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်နွယ်နွယ်ခိုင် (တ/၁၈၀၀)
ဒုတိယခရိုင်တရားသူကြီး
ခရိုင်တရားရုံး
ရွှေဘိုမြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-က၊ မြေကွက်အမှတ် ၆၀၉**ဒီ**၊ မြေကွက်တည်နေရာအမှတ် (၆၀၉)၊ နွယ်သာကီ(၃)လမ်း၊ (က) ရပ်ကွက်၊ မြောက်ဥက္ကလာပ (ဦးကြည်လေး CF-072500) အမည်ပေါက် ဂရန်မြေအား အမည်ပေါက်ကိုယ်တိုင်မှ ဂရန်မူရင်း ပျောက်ဆုံးကြောင်း ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် ရဲစခန်းထောက်ခံချက်၊ ကျမ်းကိုန်လွှာတင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ကွန်ပျူတာတက္ကသိုလ်များ၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ကျောင်းဖွင့်ရက်ကြေညာခြင်း

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ ကွန်ပျူတာတက္ကသိုလ်များတွင် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် သင်တန်းများအားလုံးကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ဖွင့်လှစ်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်-

ကျောင်းစတင်ဖွင့်မည့်ရက်	- ၂၀၁၀ခုနှစ်၊ ဒီဇင်ဘာလ(၆)ရက်
ကျောင်းအပ်ရန်စတင် လက်ခံမည့်ရက်	-၂၀၁၀ခုနှစ်၊နိုဝင်ဘာလ(၂၄)ရက် (ဗုဒ္ဓဟူးနေ့)
ကျောင်းအပ်နောက်ဆုံး လက်ခံမည့်ရက်	- ၂၀၁၀ခုနှစ်၊ ဒီဇင်ဘာလ(၁၀)ရက် (သောကြာနေ့)

ကျောင်းအပ်လက်ခံသည့်ရက်ထက် နောက်ကျ၍ လာရောက်အပ်နှံသော ကျောင်းသား/သူများအား လုံးဝ(လုံးဝ)လက်ခံမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အသေးစိတ်သိလိုပါက သက်ဆိုင်ရာ ကွန်ပျူတာတက္ကသိုလ်များရှိ ကျောင်းသားရေးရာဌာနများ၌ စုံစမ်းမေးမြန်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန ရန်ကုန်တက္ကသိုလ်၏အစီအစဉ်ဖြင့် ရန်ကုန်တက္ကသိုလ် ကွန်ပျူတာသိပ္ပံပညာဌာနတွင် အောက်ပါဘွဲ့လွန် သင်တန်းကို ဖွင့်လှစ်မည်ဖြစ်ပါသည်-

၁။ သင်တန်းအမည်	- ဘွဲ့လွန်အသုံးချ ကွန်ပျူတာဒီပလိုမာ သင်တန်း
၂။ သင်တန်းအောင်လက်မှတ်	- ဘွဲ့လွန်အသုံးချ ကွန်ပျူတာဒီပလိုမာ (Post-Graduate Diploma in Computer Application-PGDCA)
၃။ သင်တန်းဝင်ခွင့်အရည်အချင်း	- တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူဖြစ်ရမည်။
၄။ သင်တန်းကာလ	- ၁ နှစ် (2 Semester + Project)
၅။ သင်တန်းချိန်	- (စနေ၊ တနင်္ဂနွေ) နံနက်၇နာရီမှ ညနေ ၅ နာရီထိ၊ (သောကြာနေ့ နံနက် ၇ နာရီမှ နံနက် ၉ နာရီထိ သင်တန်းချိန် တစ်ချိန်ပါရှိသည်။)
၆။ လက်ခံမည့်သင်တန်းသားဦးရေ	- ၁၀၀ ဦး ကန့်သတ်
၇။ လျှောက်လွှာစတင်လက်ခံမည့်ရက်	- ၂၅-၁၁-၂၀၁၀ ရက်(ကြာသပတေးနေ့)
၈။ လျှောက်လွှာပိတ်မည့်ရက်	- ၃၀-၁၁-၂၀၁၀ ရက်(အင်္ဂါနေ့)
၉။ သင်တန်းစတင်ဖွင့်မည့်ရက်	- ၂-၁၂-၂၀၁၀ ရက် (ကြာသပတေးနေ့)
၁၀။ ဆက်သွယ်ရမည့်လိပ်စာ	- အခန်းအမှတ် U 308 (ULB)၊ ရန်ကုန်တက္ကသိုလ်

မှတ်ချက်-အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်း ရန်ကုန်တက္ကသိုလ်ကျောင်းသားရေးရာ ဖုန်း-၅၃၄၃၉၀နှင့် ဖုန်း-၇၀၃၂၃၀၊ ၅၀၃၅၉၉ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာ

ကျွန်ုပ်၏မိတ်ဆွေက ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၀ ရပ်ကွက်၊ ရွှေသီရိ(၁)လမ်း၊ မြေကွက်အမှတ်(၃၀)၊ လူနေရပ်ကွက်အမှတ်(၃၀)၊ ဧရိယာ(၀. ၀၅၇)ဧက၊ (၄၁'X၆၀')အကျယ်အဝန်းရှိနှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဝယ်ယူရန် စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အဆိုပါမြေ/အိမ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောတရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဝင်းဝင်းဘော်	**ဦးသိန်းဇော်(LL.B)**
တရားရုံးချုပ်ရှေ့နေ	**အထက်တန်းရှေ့နေ**
(စဉ်-၄၃၁၆)	**(စဉ်-၁၅၃၂၁)**
ဖုန်း-၂၁၇၁၈၇	**ရုံးဖုန်း-၃၇၆၄၈၁၊ အိမ်ဖုန်း-၇၀၇၅၃၀**

အမှတ်(၅၅)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

နွားထိုးကြီးမြို့နယ်အသင်း ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

နွားထိုးကြီး နိုဝင်ဘာ ၂၃

နွားထိုးကြီးမြို့နယ်အသင်း(ရန်ကုန်)၏ (၇)ကြိမ်မြောက် သင်းလုံးကျွတ်နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၅ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗဟန်း (၃)လမ်းရှိ သံယုတ်ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ ဦးအောင်ကြည်(ဥက္ကဋ္ဌ) ဖုန်း-၂၂၂၂၆၄၊ ဒေါ်သန်းသန်းတင့်(ဒုတိယဥက္ကဋ္ဌ) ဖုန်း-၅၁၃၁၆၈၊ ဦးဝင်းထိန် ဖုန်း-၀၉-၅၀၁၇၁၀၅၊ ဦးရန်အောင်သန်း (အတွင်းရေးမှူး) ဖုန်း-၀၉-၅၀၂၈၀၇၉၊ ဦးဇော်မင်းမြ (တွဲဖက်အတွင်းရေးမှူး) ဖုန်း-၀၉-၅၁၃၁၃၈၅၊ ဒေါ်ခင်စစ်ဝေ (ဘဏ္ဍာရေးမှူး) ဖုန်း-၅၆၃၅၉၄နှင့် နီးစပ်ရာ အမှုဆောင်များထံ နိုဝင်ဘာ ၂၇ ရက် နောက်ဆုံးထား၍ ပေးပို့ဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (ကြေးမုံ)

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ဝန်ထမ်းရွေးချယ်ရေးနှင့်လေ့ကျင့်ရေးအဖွဲ့
Civil Service Selection and Training Board

[illegible]

[B.E(Electrical Power)]
[B.E(Electronics)]
(B.Arch)
[B.E(Electronics)]/ [B.E(Civil)]
(B.Com)/ (B.Act)/ (D.A)

[illegible]

... Website csstb.imis.com.mm နှင့် www.csstb.gov.mm ...

မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ကူမဲဈေးကြီးအတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မီးငြှိမ်းသတ်မှု ဇာတ်တိုက်လေ့ကျင့်ခြင်းအား မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းအောင်ခင်၊ ဦးစီးအရာရှိ ဦးအေးဝင်းတင်၊ ဒုတိယဦးစီးမှူး(ဈေး) ဦးကျော်မင်းမင်းထွန်းနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမိုးဟိန်းထွန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား -
နားမယောင်လေနဲ့ သတိထား။

နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကြိတ်ကြိတ်တိုးစည်ကား မြန်မာ့ကျောက်စိမ်းကို ပြည်ပရတနာကုန်သည်များ အကြိုက်တွေ့

သတင်းဆောင်းပါး-တင်ထွေး(သတင်းစဉ်)
ဓာတ်ပုံမှတ်တမ်း-ကိုထွေးနှင့်ထိန်နန်နော်

၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ဖွင့်လှစ်ရောင်းချလျက်ရှိသော Mandalay Gems ရတနာပစ္စည်း အရောင်းဆိုင်တွင် ရတနာကုန်သည်များ ကြည့်ရှုလေ့လာကြစဉ်။

နေပြည်တော်၌ ပထမဆုံးအကြိမ် ကျင်းပသည့် ၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုဝင်ဘာ ၁၇ ရက်မှ စတင်၍ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)အနီး မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပလျက်ရှိရာ ပြည်တွင်းပြည်ပ ရတနာကုန်သည်များဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်။

ပုလဲအတွဲနှင့် ကျောက်မျက်အတွဲများရောင်းချမှု ပြီးစီးသွားပြီဖြစ်သော်လည်း ပြည်ပရတနာကုန်သည်အများစုသည် ကျောက်စိမ်းအတွဲများကို ကြည့်ရှုလေ့လာဝယ်ယူရန် လာရောက်ကြခြင်းဖြစ်၍ ရတနာပြပွဲကြီးမှာ သက်ဝင်လှုပ်ရှား စည်ကားဆဲပင် ဖြစ်လေသည်။ နေ့စဉ် နံနက် ၇ နာရီခန့်မှ စတင်၍ ပြည်တွင်းပြည်ပရတနာကုန်သည်များသည် ခေတ္တတည်းခိုနေထိုင်ရာ ဟိုတယ်များမှ ရတနာပြပွဲတည်ရှိရာ မဏိရတနာကျောက်စိမ်းခန်းမဆီသို့ စင်းလုံးငှား အမြန်ယာဉ်ကြီးများ၊ စင်းလုံးငှားမော်တော်ယာဉ်များဖြင့် တစ်သုတ်ပြီးတစ်သုတ် လာရောက်ကြရာ နံနက် ၈ နာရီ ထိုးသည်နှင့် ကျောက်စိမ်းအတွဲများကြားတွင် ပြည်တွင်းပြည်ပ ရတနာကုန်သည်များဖြင့် ဖွေးဖွေးလှုပ်၍ နေလေသည်။

၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲတွင် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ပြည်တွင်းပုလဲကုမ္ပဏီများ၏ ပုလဲအတွဲများကို နိုဝင်ဘာ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် တင်ပြရောင်းချခဲ့ရာ တင်ဒါစနစ်ဖြင့် ပုလဲအတွဲ ၂၀၇ တွဲ၊ ဈေးပြိုင်စနစ်ဖြင့် ပုလဲအတွဲ ၃၀ စုစုပေါင်း ပုလဲအတွဲ ၂၃၇ တွဲ ရောင်းချခဲ့ရသည်။

မြန်မာ့ ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် ပြည်တွင်း ကျောက်မျက်ကုမ္ပဏီများ၏ ကျောက်မျက်အတွဲများကို နိုဝင်ဘာ ၁၇ ရက်မှ ၂၀ ရက်အထိ တင်ပြရောင်းချခဲ့ရာ တင်ဒါစနစ်ဖြင့် ကျောက်မျက်အတွဲ ခုနစ်တွဲ၊ ဈေးပြိုင်စနစ်ဖြင့် ကျောက်မျက်အတွဲ ၂၄ တွဲ စုစုပေါင်း ကျောက်မျက်အတွဲ ၃၁ တွဲ ရောင်းချခဲ့ရသည်။

၂၀၁၀ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်ပရတနာကုန်သည်များ လာရောက်စဉ်အတွင်း တည်းခိုနေထိုင်မှု လွယ်ကူအဆင်ပြေစေရေးအတွက် တည်းခိုနေထိုင်ရေး ဆပ်ကော်မတီက

စာမျက်နှာ ၆ ကော်လံ ၁ သို့❖

ယနေ့
ဆောင်းပါး
အညွှန်း

အမေရိကန်နိုင်ငံရော၊ အီးယူ(EU) အဖွဲ့ဝင် နိုင်ငံကြီးအချို့ရော သူတို့ရဲ့ လက်ရှိနိုင်ငံရေးအဆင့်အခြေအနေကို တစ်ရက်တည်း၊ တစ်လတည်း၊ တစ်နှစ်တည်းနဲ့ ရောက်ရှိ ရယူလာနိုင်ခဲ့တာ မဟုတ်ပါဘူး။ အချိန်များစွာ ယူခဲ့ရ၊ တည်ဆောက်ခဲ့ရတယ်ဆိုတာ ကာယကံရှင်များက အသိဆုံးပါ။ ကြိုးစားနေဆဲ အဆင့်မှာရှိတဲ့ မြန်မာနိုင်ငံကို သူတို့ရဲ့ လက်ရှိအခြေအနေ ပေတံကြီးနဲ့ တိုင်းမယ်ဆိုရင်တော့ တိုင်းတာတဲ့သူပဲ များတော့မှာပါ။

ဒေါက်တာဝင်းနိုင်၏ "ပီတိကိုမျှဝေပါတယ်"(ဆောင်းပါး) စာမျက်နှာ - ၈ ၊ ၉